သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၆)

အမြင်မကြည်လင်သော အင်အားစုများက ပုံကြီးချဲ့ စွပ်စွဲမှုများကို အမျိုးမျိုးဆက်လက်ပြုလုပ်လျက်ရှိ

"အရွယ်မရောက်သေးသူများအား အဓမ္မစစ်မှုထမ်းအဖြစ် စုဆောင်းခဲ့မှုများ ရှိခဲ့လျှင်လည်း ဖိဖိစီးစီးကြပ်မတ်အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံအပေါ် အမြင်မကြည်လင်သော အင်အားစုများက ပုံကြီးချဲ့ စွပ်စွဲမှုများကို အမျိုးမျိုး ဆက်လက်ပြုလုပ်လျက်ရှိကြ။"

မိမိတို့နိုင်ငံ၌ကလေးသူငယ်များ၏လွတ်လပ်မှုကိုကာကွယ်ထိန်းသိမ်းနိုင်သည့်ဥပဒေများထုတ်ပြန်ထား
အရွယ်မရောက်သေးသည့်ကလေးသူငယ်အားလုံးစစ်မှုထမ်းရ ခြင်းမှကာကွယ်သည့်ဥပဒေနှင့်အမိန့်ရှိပြီးဖြစ်
အရွယ်မရောက်သေးသူအားအဓမ္မစစ်မှုထမ်းအဖြစ်စုဆောင်းခဲ့လျှင်ဖိဖိစီးစီးကြပ်မတ်အရေးယူ

ရန်ကုန် ဩဂုတ် ၃

အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

"အမေရိကန်နှင့်အနောက်အုပ်စု အပေါင်းပါများ၏တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့ဖိအားပေးနေမှုသည် မြန်မာပြည်သူတို့အဖို့ အဆိပ်အတောက်သဖွယ်သာဖြစ်နေပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာပြည်သူများအဖို့ အနှစ်သာရသဖွယ်ဖြစ်သည်။"

အောင်မိုးစံ၏

နိုင်ငံတကာတွင်ခိုင်မြဲတိုးတက်နေသော မြန်မာ–တရုတ် ညီရင်းအစ်ကိုဆက်ဆံရေး

ဆောင်းပါး စာ–၁၀

"ကလေးငယ်သည် မိခင်နှင့်အတွေ့အထိများခြင်းနှင့် မိခင်၏ရင်ခွင်တွင်း၌ မိခင်နို့စို့ရခြင်းကြောင့် စိတ်ဓာတ်လုံခြုံမှုပိုမိုရရှိခြင်း၊ သံယောဇဉ်ပိုတွယ်ခြင်းစသည့် ကလေး၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေသည်။"

ဒေါက်တာဒေါ်တင်လင်းမြင့်၏

လုံခြုံပြည့်ဝစိတ်ချရေး မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး

ဆောင်းပါး စာ–၁၁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု ပိုမိုပြုလုပ်နိုင်ရေး တိုးမြှင့်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ၌ ကျင်းပသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှအစိုးရအဖွဲ့ အကြီးအကဲများသည် **ဒေသတွင်းခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ရေလုပ်ငန်း၊ တိုင်းရင်းဆေးဝါး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးခဲ့ကြပြီး ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းကို အတည်ပြုခဲ့ကြသည်။**

ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းတွင် အဖွဲ့၏အခေါ်အဝေါ်အား ဘင်းမ်စတက် (ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်) [BIMSTEC-Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation] ဟု ပြောင်းလဲခေါ်ဝေါ်ရန် သဘောတူညီခဲ့ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ဘင်းမ်စတက် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ မူဘောင်သဘောတူ စာချုပ်ချုပ်ဆိုခြင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ် ဘင်းမ်စတက် ခရီးသွားလာရေးနှစ် စတင်နိုင်ခြင်းနှင့် ခရီးသွားလာရေးအတွက် တစ်နှစ်တာကာလ လုပ်ငန်းအစီအစဉ် ချမှတ်နိုင်ခြင်း၊ ဘင်းမ်စတက် ကုန်သည်ကြီးများအသင်း ထူထောင်ခြင်း၊ ထိုင်းနိုင်ငံ ဖူးခက်ကျွန်းတွင် ပထမအကြိမ် ဘင်းမ်စတက်လူငယ်များ ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့ခြင်း၊ ဗန်ကောက်မြို့တွင် ဘင်းမ်စတက်လုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဘင်းမ်စတက်ဗဟိုဌာန ဖွဲ့စည်းထူထောင်ခြင်းနှင့် မြန်မာနိုင်ငံတွင် ဇီဝဓာတ်ငွေ့အသုံးပြုရေး စက်ရုံတည်ဆောက်နိုင်ခဲ့ခြင်းတို့အတွက် အားရကျေနပ်ကြောင်းနှင့် ရှေ့သို့တစ်ဆင့် အရှိန်အဟုန်တိုးမြှင့်၍ ဆောင်ရွက်သွားရန်လည်း ကတိကဝတ်ပြုခဲ့ကြသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ ငါးလုပ်ငန်း၊ သိပ္ပံနှင့် နည်းပညာနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု ကဏ္ဍများတို့တွင် အလေးထား ပူးပေါင်းဆောင်ရွက်သွားရန် လိုပေသည်။

ယဉ်ကျေးမှု၊ ပညာရေး၊ လူထုကျန်းမာရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် မိရိုးဖလာအသိပညာများ ကာကွယ်စောင့်ရှောက်ရေး၊ ကျေးလက်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဆောင်ရွက်ရေး၊ ဆောက်လုပ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဇီဝနည်းပညာ၊ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ သုတေသနပြုလုပ်ရေး၊ သဘာဝဘေးအန္တရာယ် တားဆီး ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေးတို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရမည်ဖြစ်သည်။

ရေနံနှင့် ရေအားလျှပ်စစ်စီမံကိန်းများ၊ လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့လိုင်းများ ဆက်သွယ်ရေး၊ လောင်စာသုံး စွမ်းအင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နည်းပညာများ တိုးတက်ရေးတို့ကို ကြိုးပမ်းကြရမည် ဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ အဖွဲ့ဝင်နိုင်ငံများ၏ စာနယ်ဇင်းသမားများ၊ ကျောင်းသူကျောင်းသားများနှင့် တက္ကသိုလ်များ၊ အားကစားသမားများ အပြန်အလှန် သွားရောက်လည်ပတ်ခြင်း၊ ရုပ်ရှင်ကားများ၊ ရုပ်မြင်သံကြားနှင့် ဂီတအစီအစဉ်များစသည့် အနုပညာနှင့်ဖျော်ဖြေရေးကဏ္ဍများတွင်လည်း အပြန်အလှန်ဖလှယ်မှု ပြုလုပ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းပါ သဘောတူညီချက်များသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု ပိုမိုပြုလုပ်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ပေးသွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Random Variables and Distribution Function (ဒုတိယနှစ်-စီးပွားရေး)
၅:၃၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၂၂)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား" (ဒုတိယတွဲ) အပိုင်း (၃)**

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန် သတ်မှတ်ချက်အတိုင်း ငါးမျိုးစိုက်ထည့် မြစ်ရေကြီးလာပါက ငါးကန်နှင့်ငါးများ မဆုံးရှုံးစေရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၈ နာရီခွဲက ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ပသွယ်ငါးသားပေါက်ထုတ်လုပ်ရေးစခန်းသို့ရောက်ရှိပြီး ငါးသားပေါက်များ ထုပ်ပိုးရောင်းချနေမှု၊ ငါးမှန်၊ငါးသန်ပြုစုမွေးမြူရေးကန်များ မွေးမြူဆောင်ရွက်ထားရှိမှုနှင့် ငါးသားပေါက်စခန်းအတွင်း သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စခန်းရှင်းလင်းဆောင်တွင် ဝန်ကြီးက သားဖောက်ရာသီချိန်အတွင်း လျာထားချက် ပြည့်မီကျော်လွန်အောင်ဆောင်ရွက်ရေး၊ မွေးမြူသူများ၏ လိုအပ်ချက်အတိုင်း ပြည့်ဝစွာထုတ်လုပ်ရောင်းချရေး၊ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးမျိုးပြုန်းတီးမှုမှကာကွယ်ရန် သတ်မှတ်ချက်အတိုင်း ငါးမျိုးစိုက်ထည့်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ပန်းတနော်မြို့နယ် မိုးကုတ်- ဒီးဒုတ်ကွင်းအတွင်း ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) မြန်ဂုဏ်မြင့် မွေးမြူရေးလုပ်ငန်းကော်မတီ၏ မွေးကန်ဧက ၁၇၃၂ ဧကအတွင်း မွေးမြူရေးကန် ၁၅၉ ကန်၊ ငါးသားပေါက်များ စတင်ထည့်သွင်းမွေးမြူနေသည့် အမှတ်(၄) ငါးမွေးမြူရေးစခန်းသို့ရောက်ရှိပြီး စခန်းရှင်းလင်းဆောင်တွင်တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြစ်ရေကြီးမြင့်လာပါက ငါးကန်နှင့်ငါးများဆုံးရှုံးမှုမရှိစေရေးစီမံချက်ရေးဆွဲ၍ ဆောင်ရွက်ထားရှိရေး၊ ရေပေါ်ရေအောက်ကျက်စားရာ ငါးအမျိုးအစားအလိုက် အချိုးညီထည့်သွင်းမွေးမြူရေး၊ ကန်ပေါင်များစနစ်တကျထိန်းသိမ်းရေး အခြေအနေများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍စောရန်ပိုင်(တောင်)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမတွင် ရွှေငုဝါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ သင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သိန်း အမှာစကားပြောကြားစဉ်။ (၁၈၀)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၃

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ)တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂ရက် ညနေ၄နာရီတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင်လေတပ်စခန်းရှိ အားကစားကွင်း၌ကျင်းပရာ လေကြောင်းအတတ်သင်လေတပ်စခန်းနှင့် မြေပြင်အတတ်သင်လေတပ်စခန်းတို့မှ လေတပ်စခန်းမှူးများနှင့် အရာရှိစစ်သည်မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြပြီး ဆုရအသင်းများနှင့် အားကစားသမားများအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းက ဆုများကိုပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် စာချစာသင်သံဃာတော်များအား ဦးထွန်းညာဏ်(အကျဉ်းဦးစီး၊ငြိမ်း)–ဒေါ်စောရီ မိသားစုက (၇)ကြိမ်မြောက် သက်စေ့သင်္ကန်း ဒွိစုံ ၇၂ စုံကို ဇူလိုင် ၃၁ ရက်က ပဓာနနာယက ဆရာတော်များထံ ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၃၆)

ဒေသအကျိုးသယ်ပိုးမြန်မာ

* အာဆီယံ ဘင်းမ်စတက်
ချိတ်ဆက်တဲ့မြေမျက်နှာ၊
ဒို့မြန်မာပြည်ကြီး
ထီးထီးကြီးတည်နေတာ။

* အာဆီယံအသင်းမှာ
ဒို့မြန်မာပါသလိုပဲ၊
ဘင်းမ်စတက်ထဲ ကြည့်လိုက်လျှင်
အသင်းဝင်ပါလျက်ပဲ။

* ဤအရာအားလုံး
ပေါင်းရုံး၍ကြည့်လိုက်ပါ
သင်းနှစ်သင်း ဆက်ဆံရာ
မြန်မာဟာအဓိက
မြန်မာကိုမဏ္ဍိုင်ပြု
ရှေးရှုမည်ပ။

* အာဆီယံဘင်းမ်စတက်
ဂဟေဆက်ကျိုးပြုမည်
မြန်ပြည်ရဲ့စိတ်စွဲ၊
မခြားရည်တူ
စိတ်ထားဖြူမြန်မာများရဲ့
ရှေ့တူရှုသွားရာလမ်းနဲ့
ရည်မှန်းရာခရီးပေါက်
ရောက်လိမ့်မလွဲ။ ။

မေရု

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက ပြည်နယ် ဘိုးဘွားရိပ်သာအတွက် အလှူငွေများကို ပေးအပ်ရာ ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဝင်များကလည်းကောင်း၊ လှိုင်ကော်မြို့ပေါ်ရှိ အထက်တန်းကျောင်းသားများအတွက် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများက လည်းကောင်း လက်ခံယူကြသည်။ ဆက်လက်၍ ဝန်ကြီးက လေးဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုပေးအပ်

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ခိုင်သက်မွန်နှင့် တာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒီမောဆိုမြို့နယ်၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ပညာရေးဝန်ကြီးဌာနသို့ ပူးပေါင်း တည်ဆောက်ခဲ့သော ဒေါင်ခါး(၄)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးက အလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်လေးလျံဝင်းက လက်ခံသည်။ ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးဝင်းတင့်က ပညာရေးဆောင်ရွက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ကျေးရွာမှ ဦးဇေယျာက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဝန်ကြီးသည် ဒေါင်ခါးကျေးရွာ အလယ်တန်းကျောင်းသို့ ရောက်ရှိ၍ ဆရာ ဆရာမများအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်–ပဲခူး–ရန်ကုန် တာဝေးစက်ဘီးပြိုင်ပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို အိုလံပစ်ဟိုတယ်၌ ကျင်းပစဉ်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၄–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဉပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ရွှေလောင်းတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Learning English The Easy and Happy Way for Children and Beginners

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Pratice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇း၃၅	၈။	သီချင်းကြီးပဒေသာ
၁၇း၄၅	၉။	မြန်မာစာ၊ မြန်မာစကား
၁၈း၀၀	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၁၀	၁၁။	Discovery
၁၈း၁၅	၁၂။	မှုဟန်သွယ်သွယ် ဆိုကြမယ်
၁၈း၃၀	၁၃။	ညနေခင်းသတင်း
၁၉း၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၅။	**"အလှဆုံးမိခင်"** (မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း စမ်းချောင်းမြို့နယ်)
၁၉း၂၀	၁၆။	ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၉း၃၅	၁၇။	တေးဂီတအစီအစဉ်
၁၉း၄၅	၁၈။	မြန်မာ့ဆေးလောက၏ မေးရိုးနှင့် ခံတွင်းခွဲစိတ်အောင်မြင်မှု
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	ဇာကာဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ **"ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကြီး"** (ဒုတိယဆု) (ရန်ကုန်တိုင်း–၂) (ပထမပိုင်း)

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၃

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့ (ဩဂုတ် ၁၅ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း(၃လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကွမ်းခြံကုန်းမြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ များအား မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် သင်္ကန်းနှင့်အခြားလှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လိုသော မြို့နယ်သူ မြို့နယ်သားတို့သည် ဦးစိုးညွန့် ဖုန်း–၂၂၄၅၈၀၊ ဦးကျော်ခိုင် ဖုန်း–၂၄၆၁၄၀၊ ဦးကျော်စိုး ဖုန်း–၀၉၅၀၁၄၂၆၊ ဦးကြိုင်မြင့်ဖုန်း–၂၉၅၉၈၈နှင့် ဒေါ်ဥ ဖုန်း–၀၉၈၀၃၃၉၁၅ တို့သို့ဆက်သွယ်နိုင်ကြကြောင်းသိရသည်။ **(က–ပ)**

မိုးရာသီတာဝေးစက်ဘီးစီးပြိုင်ပွဲနှင့်ပတ်သက်သည့်ရှင်းလင်းပွဲကျင်းပ ရန်ကုန်–ပဲခူး–ရန်ကုန် အသွားအပြန်ဆင်နွှဲကြမည်

ရန်ကုန် ဩဂုတ် ၃

အားကစားဝန်ကြီးဌာနကကြီးမှူး၍ ပထမအကြိမ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်း ကျင်းပမည့် ရန်ကုန်–ပဲခူး–ရန်ကုန် မိုးရာသီတာဝေးစက်ဘီးစီးပြိုင်ပွဲနှင့် ပတ်သက်သည့် ရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အိုလံပစ်ဟိုတယ် (သုဝဏ္ဏ)ရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ရှင်းလင်းပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အားကစားကလောင်ရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးမြင့်ဟန်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖြေကြား

ဆက်လက်၍ တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ ဆွေးနွေးမေးမြန်းချက်များကို မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲကို အမျိုးသား ကီလိုမီတာ ၁၆၀၊ အမျိုးသမီး ကီလိုမီတာ၈၀ ရန်ကုန်–ပဲခူး–ရန်ကုန် အသွားအပြန်တာဝေး(လမ်းမပေါ်) ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယနေ့အထိ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် အမျိုးသား ၁၂၀ နှင့် အမျိုးသမီး ၂၀ တို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၇ ရက် နံနက် ၆ နာရီတွင် စတင်ယှဉ်ပြိုင်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အနောက်တိုင်းဆေးများပါဝင်ဖော်စပ်ထားသော အပူသတ်ကိုယ်အေးဆေးသုံးစွဲရန်မသင့်ကြောင်းကြေညာ

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံဈေးကွက်အတွင်း ရောင်းချနေသော မြိတ်မြို့ ထားဝယ်စုရပ်ရှိ ဒိဋ္ဌသုခဆေးတိုက်က ထုတ်လုပ်သည့် အပူသတ်ကိုယ်အေးဆေးသည် တိုင်းရင်းဆေးစစ်စစ်မဟုတ်ဘဲ အနောက်တိုင်းဆေးများ ပါဝင်ဖော်စပ်ထားသည်ကို ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိရသည့်အတွက် ပြည်သူလူထုသုံးစွဲရန် အန္တရာယ်ရှိသော ဆေးဝါးများဖြစ်ကြောင်းနှင့် ပြည်သူအများ သုံးစွဲရန်မသင့်ကြောင်း ကြေညာသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရန် စီစဉ်နေကြောင်းလည်း သိရှိရသည်။

ယင်းအပူသတ်ကိုယ်အေးဆေးတွင် ပါဝင်သည့် အနောက်တိုင်းဆေးမှာ Aspirin ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ဖော်လူဂျာ၌ ကန်မရိန်းတပ်ဖွဲ့များအားတိုက်ခိုက်

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက် ဇူလိုင် ၃၁

အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် ကြာသပတေးနေ့ညမှ သောကြာနေ့နံနက်ထိ ဖော်လူဂျာမြို့တွင် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း သိရသည်။

အီရတ်ထိပ်တန်း အရာရှိများနှင့် ဆွေးနွေးရန် အီရတ်သို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ် ရောက်လာချိန်ဖြစ်သည့် သောကြာနေ့ နံနက်ပိုင်းအထိ ဖြစ်ပွားခဲ့သည်။

ပစ်ခတ်

ကောလင်းပါဝဲလ်နှင့် အီရတ်အရာရှိများ ဆွေးနွေးခိုက်တွင် ဘဂ္ဂဒက်မြို့လယ်ကောင်၌ ပေါက်ကွဲမှုကြီး လေးခုထက်မနည်း ဖြစ်ပွားခဲ့ပြီး ညနေ၁နာရီ ၁၅မိနစ်မှစကာ မိနစ်၃၀ခြားပြီး ပေါက်ကွဲသံများ ကြားခဲ့ရသည်ဟု ဆိုသည်။

တိုက်ခိုက်

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များ အခြေစိုက်ရာ ဖော်လူဂျာမြို့အရှေ့ပိုင်းသို့ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တိုက်ပွဲသည် ပူးပေါင်းကင်းလှည့်သော မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ရာမှ စတင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဒဏ်ရာရ

တိုက်ပွဲဖြစ်ပွားမှုကြောင့် ကားပြင်ဆိုင် ၅၂ ဆိုင်နှင့် အိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။ ဖော်လူဂျာ အထွေထွေဆေးရုံမှ ဆရာဝန်ဆလင်မ် အီဘရာဟင်က တိုက်ပွဲအတွင်း အီရတ်၁၃ဦးခန့် သေဆုံးပြီး ၁၄ဦးဒဏ်ရာရကြောင်း ပြောဆိုသည်။

(အင်တာနက်)

မိုဆူးလ်မြို့ ရဲစခန်းအနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်များကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးဆောင်ရွက်

ဘာဆာရာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့ အီရတ်လူထု လုံခြုံရေးကို ဆောင်ရွက်မပေးနိုင် ကန်တို့ အီရတ်ကိုကျူးကျော်ချိန်မှစပြီး ရာဇဝတ်မှုများတိုးလာခဲ့

ဘဂ္ဂဒက် ဇူလိုင် ၁

အီရတ်နိုင်ငံအား အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစပြီး လုယက်မှုများ၊ ပြန်ပေးဆွဲမှုများ စသော ရာဇဝတ်မှုများ များပြားလာခဲ့ရာ အီရတ်ပြည်သူအများစုသည် မိမိတို့၏ နေအိမ်များ၌ပင် လုံခြုံမှုမရှိဘဲ ဖြစ်နေကြသည်။

အီရတ်ကြားဖြတ် အစိုးရအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးက အီရတ်လက်နက်ကိုင်များသည် ရာဇဝတ် ဂိုဏ်းများနှင့် ပူးပေါင်းလုပ်ရှားနေကြောင်း ပြောကြားသည်။ အီရတ်လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက မှုခင်းများ လျော့ကျရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သံသယရှိသူ ရာပေါင်းများစွာအား ဖမ်းဆီးခြင်း၊ တရားမဝင် လက်နက်များရှာဖွေခြင်းတို့ကို အပူတပြင်း ဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိ

ဘဂ္ဂဒက်မြို့၌ မကြာသေးမီက လက်နက်များ သိမ်းဆည်းရာနေရာတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရာ မြေမြုပ်မိုင်းများ၊ ဒုံးကျည်အမြောက်အမြားနှင့် လက်နက်အမြောက်အမြားကို ဖမ်းဆီးရမိခဲ့သည်။ အမေရိကန်တို့အနေဖြင့် အီရတ်လူထုအား လုံခြုံအောင်ဆောင်ရွက်ပေးနိုင်စွမ်းမရှိခဲ့ဘဲ ယခု အီရတ် ရဲအဖွဲ့အား ပြည်သူများက သတင်းပေးမှုများဖြင့် ဝိုင်းဝန်းကူညီကြကြောင်း သိရသည်။ ယခုလို ရာဇဝတ်ဂိုဏ်းများအားနှိမ်နင်းခြင်းအားဖြင့် လက်နက်ကိုင်များနှင့် ကူညီဆက်သွယ်မှုများကို ဖြတ်တောက်နိုင်ရုံသာမက အစိုးရအပေါ် လူထု၏ ထောက်ခံမှုလည်း ရရှိလာနိုင်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဖော်လူဂျာ၌ ကန်တို့ပစ်ခတ်မှုကြောင့် အီရတ်သုံးဦး သေဆုံး

ဖော်လူဂျာ ဩဂုတ် ၂

ဖော်လူဂျာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့များ စနေနေ့ကဖြစ်ပွားခဲ့သော တိုက်ပွဲတွင် အီရတ်သုံးဦး သေဆုံးပြီး အခြား ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။

သေဆုံးသူများနှင့် ဒဏ်ရာရသူအများစုမှာ မိသားစုတစ်စုတည်းမှဖြစ်ပြီး ဖော်လူဂျာမြို့အရှေ့ပိုင်း၌ တိုက်ပွဲဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့များ ပစ်ခတ်မှုကြောင့် သေဆုံးခြင်းဖြစ်ကြောင်း၊ ဖော်လူဂျာဆေးရုံမှ ဆရာဝန် မိုဟာမက်ဂျူလေမီက ပြောကြားသည်။ ဖော်လူဂျာမြို့အရှေ့ဘက် မြို့ဝင်ဂိတ်ရှိ အမေရိကန်စစ်ဆေးရေးစခန်းကို ခုခံတိုက်ခိုက်ရေးသမားများက စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့များက လေကြောင်းနှင့် အမြောက်ကြီးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဒေသခံများကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အိုလံပစ်ပွဲတော်ကျင်းပရန် ဂရိနိုင်ငံ ပြင်ဆင်ပြီးစီးပြီ အားကစားပြိုင်ပွဲအတွက် အားကစားရုံ ၃၅ရုံတည်ဆောက်ထား

အေသင် ဩဂုတ် ၂

ဂရိနိုင်ငံ အေသင်မြို့၌ အိုလံပစ်ပွဲတော်ကျင်းပရန် သီတင်းနှစ်ပတ်သာလိုပြီး အိုလံပစ်ပွဲတော်အတွက် ပြင်ဆင်မှုနှင့် ပတ်သက်၍ ဝေဖန်မှုများရှိသော်လည်း ဂရိနိုင်ငံသည် ၎င်း၏ပြင်ဆင်ပြီးစီးမှုအနေအထားအတွက် ဂုဏ်ယူလျက်ရှိသည်။ အားကစားပြိုင်ပွဲအတွက် အားကစားရုံပေါင်း ၃၅ ရုံ ပြီးစီးနေပြီဖြစ်ပြီး အေသင်မြို့၌ နွေရာသီအပူချိန်ကလည်း မြင့်တက်လျက်ရှိသည်။ ပွဲတော်အတွက် လက်မှတ် စောင်ရေ သုံးသန်းခန့်ရောင်းချရပြီးပြီဖြစ်သည်ဟု သိရသည်။ ကမ္ဘာလှည့်ခရီးသွားများ ရောက်ရှိမလာသေးသော်လည်း ကျင်းပခဲ့သမျှ အိုလံပစ်ပွဲတော်များတွင် လုံခြုံရေးအတွက် အကြီးအကျယ် ဆောင်ရွက်ထားကာ မြို့ပတ်ပတ်လည်၌ လုံခြုံရေးအတွက် ကင်မရာ ရာပေါင်းများစွာကို တပ်ဆင်ထားသည့်အပြင် ရေကြောင်းမှ ကင်းလှည့်စောင့်ကြပ်မှုများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ကူဝိတ်ကုမ္ပဏီမှ ထရပ်ကားယာဉ်မောင်းခုနစ်ဦး လွတ်မြောက် အီရတ်ရှိလုပ်ငန်းများရပ်ဆိုင်းရန်ကုမ္ပဏီကသဘောတူ

ကူဝိတ် ဩဂုတ် ၂

အီရတ်ရှိ ကူဝိတ်ကုမ္ပဏီတွင် ထရပ်ကားမောင်းသူများဖြစ်ကြသော အိန္ဒိယလူမျိုးသုံးဦး၊ ကင်ညာလူမျိုးသုံးဦးနှင့် အီဂျစ်လူမျိုးတစ်ဦးတို့သည် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံထားရာမှ ယမန်နေ့က လွတ်မြောက်လာခဲ့ပြီဖြစ်သည်။ ၎င်းတို့သည် လွန်ခဲ့သော ဇူလိုင် ၂၁ ရက်၌ ဓားစာခံအဖြစ် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့အလုပ်လုပ်ရာ ကူဝိတ်ကုမ္ပဏီက အီရတ်နိုင်ငံရှိ ၎င်းတို့၏လုပ်ငန်းများကို ရပ်ဆိုင်းရမည်ဆိုသော ဖမ်းဆီးသူများ၏ တောင်းဆိုချက်ကို သဘောတူညီခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် စနေနေ့အစောပိုင်းက အကြမ်းဖက်သမားများက ၎င်းတို့ လွန်ခဲ့သည့် နှစ်ပတ်က ဖမ်းဆီးထားသော တူရကီထရပ်ကားမောင်းသူကိုလည်း မိုဆူးလ်တွင် လွှတ်ပေးလိုက်ပြီဖြစ်သည်။ စေ့စပ်ညှိနှိုင်းသူများက ဓာကာဝီအဖွဲ့များ ဖမ်းဆီးထားသော တခြားတူရကီ ထရပ်ကားမောင်းသမားနှစ်ဦး ပြန်လွတ်ရေးအတွက် ဆောင်ရွက်လျက်ရှိနေသေးကြောင်း သိရသည်။

တိုက်ပွဲဖြစ်

ထို့အပြင် လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဘေရွတ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးသည် အီရတ်တွင် ပျောက်ဆုံးနေကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် ဖော်လူဂျာ တွင်လည်း အမေရိကန်တပ်ဖွဲ့များနှင့် တိုက်ခိုက်ရေးသမားများ၊ တိုက်ပွဲများ တစ်ညလုံးဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ၎င်းတိုက်ပွဲတွင် အနည်းဆုံးလူ ၁၀ဦးသေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ဗုံးပေါက်ကွဲ

ယမန်နေ့အစောပိုင်းတွင်လည်း မိုဆူးလ်မြို့ရဲစခန်းတစ်ခုတွင် ကားဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး ၅၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ဘဂ္ဂဒက်မြို့တွင် အမေရိကန်ယာဉ်တန်းတစ်ခုကို တိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

အီရတ်အရေးတွင် ကင်းကင်းရှင်းရှင်းနေမည့် ဂျာမနီမူဝါဒ ပြောင်းလဲမည်မဟုတ်ကြောင်း ဂျာမန်ထိပ်တန်းအရာရှိတစ်ဦးပြောကြား

ဘာလင် ဩဂုတ် ၁

အမေရိကန်သမ္မတရွေးပွဲတွင် ဂျော့ဒဗလျူဘုရှ်အား ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက အနိုင်ရလျှင်သော်မှ အီရတ်နိုင်ငံနှင့် ကင်းကင်းရှင်းရှင်းနေသည့် ဂျာမနီ၏မူဝါဒသည် ပြောင်းလဲမည်မဟုတ်ကြောင်း ထိပ်တန်းဂျာမန်အရာရှိတစ်ဦးက စနေနေ့၌ ပြောကြားလိုက်သည်။

အကယ်၍ နိုဝင်ဘာရွေးကောက်ပွဲ၌ ဒီမိုကရက်ပါတီ အနိုင်ရမည်ဆိုလျှင် အီရတ်နိုင်ငံ၌ ပိုမိုကျယ်ပြန့်သော အခန်းကဏ္ဍကိုဆောင်ရွက်ရန် ကယ်ရီထံမှ ဖိအားပေးလာမည့်အရေးကို ဂျာမနီနိုင်ငံက ကြိုတင်မျှော်မှန်းပြီး ပြင်ဆင်ထားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဂါဟာ့ဒ်ရှရိုးဒါ၏ အမေရိကန် မူဝါဒရေးရာ ညှိနှိုင်းဆောင်ရွက်သူ ကာစတင်ဗွိုက်က ဘာလင်နာဇီတန်း သတင်းစာသို့ ပြောကြားသည်။

ဂျာမနီအစိုးရက ဂျာမနီစစ်ဘက်ဆိုင်ရာအား အီရတ်၌ ဖြန့်ချမည်မဟုတ်ကြောင်း အတိအလင်းပြောကြားထားခဲ့ကြောင်းနှင့် အမေရိကန် ရွေးကောက်ပွဲမှပေါ်ထွက်လာသော ရလဒ်နှင့်စပ်လျဉ်း၍ပြောင်းလဲမည်မဟုတ်ကြောင်း ဗွိုက်က ပြောကြားသည်။

လိုအပ်

ဂျွန်ကယ်ရီက ဘော့စတွန်၌ ကြာသပတေးနေ့က ပြုလုပ်သော ဒီမိုကရက်ပါတီ အမျိုးသားညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် အမေရိကန်၏ အပေါင်းပါများ ဝန်ထုပ်ဝန်ပိုးများကို ဝေမျှထမ်းဆောင်ရန်နှင့် အမေရိကန် တပ်ဖွဲ့ဝင်များ၏ စွန့်စားလုပ်ဆောင်ရမှုများ လျော့စေရန် အတွက်ယုံကြည်ထိုက်သော သမ္မတတစ်ဦးလိုအပ်ကြောင်း ပြောကြားခဲ့သည်။

ရှရိုးဒါသည် အီရတ်စစ်ပွဲကို အခိုင်အမာဆန့်ကျင်ခဲ့ပြီး အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် ဘုရှ်အစိုးရ၏ဖိအားပေးမှုကို ငြင်းပယ်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်နိုင်ငံတွင် ဖမ်းဆီးခံထားရသည့် ကင်ညာတားစာခံသုံးဦး ပြန်လည်လွတ်မြောက်

နိုင်ရိုဘီ ဩဂုတ် ၁

အီရတ်နိုင်ငံတွင် ၁၁ရက်ကြာ ဖမ်းဆီးခြင်းခံခဲ့ရသော ကင်ညာသုံးဦးအား အခြားလေးဦးနှင့်အတူ လွတ်မြောက်လာကြောင်း ကင်ညာနိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့၌ ပြောကြားသည်။ သို့ရာတွင် အဆိုပါသတင်းအား အီရတ်ကြားဝင်စေ့စပ်ပေးသူက အတည်ပြုနိုင်ခြင်းမရှိကြောင်း ဘဂ္ဂဒက်မှလာသော သတင်းများက ဆိုသည်။

အဆိုပါ ကင်ညာဓားစာခံများလွတ်မြောက်လာကြောင်းသတင်းကို ကူဝိတ်သို့ သံတမန်တစ်ဦးက ပေးပို့ခဲ့ခြင်းဖြစ်သည်ဟု ကင်ညာနိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိက ပြောကြားသည်။ ၎င်းက ဓားစာခံများအား ညနေ ၃နာရီ၌ လွတ်ပေးလိုက်ကြောင်း၊ ကင်ညာဓားစာခံများနှင့် အတူ အိန္ဒိယသုံးဦးနှင့် အီဂျစ်တစ်ဦးတို့ပါကြောင်း၊ အားလုံးမှာ ကူဝိတ်ကုမ္ပဏီက ငှားရမ်းထားသော ယာဉ်မောင်းများဖြစ်ကြပြီး အီရတ်ခုခံ တိုက်ခိုက်ရေးသမားများက ၁၁ ရက်ကြာမျှ ဖမ်းဆီးထားခဲ့ကြောင်း ပြောကြားသည်။

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ကနဦး၌ အီရတ်မှ ယင်းကုမ္ပဏီကို ရုပ်သိမ်းရန် တောင်းဆိုခဲ့ပြီး ထိုနောက်ပိုင်း၌ ဖော်လူဂျာမြို့အား အပေါင်းပါတပ်များက တိုက်ခိုက်ရာ၌ ထိခိုက်သေဆုံးသူများအား လျော်ကြေးပေးရန် တောင်းဆိုခဲ့သည်။ ထို့ပြင် အီရတ်အကျဉ်းသားအားလုံး ကိုလည်း လွှတ်ပေးရန် တောင်းဆိုသည်။ **(အင်တာနက်)**

လုံခြုံရေးစောင့်ကြပ်

ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာတွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဆူဝေရာရှိရဲစခန်း ဒုံးကျည်များဖြင့်တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၂၉

အီရတ်ကြားဖြတ်အစိုးရသည် အချုပ်အခြာအာဏာလွှဲပြောင်းခံယူခဲ့သည့် တစ်လပြည့်မြောက်ခဲ့သော ယမန်နေ့တွင် ကြီးမားသောတိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာတွင် အီရတ်တစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။

ပစ်မှတ်ထား

ဆူဝေရာမြို့ရှိ ပိုလန်တပ်ဖွဲ့ဝင်များတပ်စွဲထားရာမှ ကီလိုမီတာ ၅၀ အကွာရှိ ရဲစခန်းကို ပစ်မှတ်ထားကာ စိန်ပြောင်းသို့မဟုတ် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ဆူဝေရာဒေသတွင် ပြင်းထန်သော တိုက်ပွဲဖြစ်ပွားခဲ့ရာ သံသယရှိသူ အီရတ်လက်နက်ကိုင် ၃၅ဦးနှင့် အီရတ်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့သည်။ **(စီအင်န်အင်န်)**

ဩဂုတ် ၂ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၁၂ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်လ ၂၀ရက်မှစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှ စပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက် ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ် ၂ရက် တနင်္လာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၁၂ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

ယင်းအနက်၆၇၇ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး၊ ၂၃၅ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၀ ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားခြောက်ဦးနှင့် ပိုလန်ခုနစ်ဦး၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၇၄ ဦးဖြစ်ပြီး၊ ယင်းအနက် ၅၆၈ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၆ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

ဆန္ဒပြ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အမေရိကန်သံရုံးအနီး အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီတလီတပ်များ အီရတ်မှ ၁၅ရက်အတွင်း ရုပ်သိမ်းရန် အုပ်စုတစ်စုက အီတလီဝန်ကြီးချုပ်ထံ သတိပေးစာပေးပို့

ဒူဘိုင်း ဩဂုတ် ၂

အီတလီတပ်ဖွဲ့ဝင်များ ၁၅ ရက်အတွင်း အီရတ်မှမရုပ်သိမ်းလျှင် နေရာအနှံ့၌ အီတလီလူမျိုးများအား တိုက်ခိုက်မည်ဖြစ်ကြောင်း အုပ်စုတစ်စုက ခြိမ်းခြောက်ထားကြောင်း အာရပ်သတင်းစာတစ်စောင်က ယနေ့သတင်းဖော်ပြသည်။

အီရတ်မှ တပ်များ ရုပ်သိမ်းရန် အီတလီဝန်ကြီးချုပ်အား မိမိတို့ အချိန်ပေးထားကြောင်း၊ ထိုနောက်ပိုင်း၌ မည်သည့်နေရာ မည်သည့်အချိန်၌မဆို အီတလီများအား သတ်ဖြတ်ခြင်းအတွက် မိမိတို့အပြစ်မဖြစ်နိုင်ကြောင်း အီတလီအစိုးရထံ အဆိုပါ အုပ်စုက ပေးပို့သည့် အကြောင်းကြားစာ၌ ရေးသားဖော်ပြထားသည်။

ယင်းအုပ်စုက လန်ဒန်အခြေစိုက် အယ်လ်ကွဒ်အယ်လ်အာရာဘီသို့ အကြောင်းကြားစာကို အီးမေးလ်ဖြင့် ပေးပို့ခဲ့ပြီး တနင်္လာနေ့၌ ထုတ်ပြန်ခြင်းမပြုမီ အေအက်ဖ်ပီက ထိုအကြောင်းကြားစာကို ရရှိခဲ့သည်။

အီတလီနိုင်ငံသည် အမေရိကန်နှင့် အပေါင်းများတပ်များ အီရတ်ကို ကျူးကျော်တိုက်ခိုက်ခြင်းကို ထောက်ခံကာ တပ်ဖွဲ့ဝင် ၃၀၀၀ခန့် အီရတ်၌ ထားရှိခဲ့သည်။

မိမိတို့သည် အီတလီပြည်သူများနှင့် အစိုးရထံ အီရတ်မှ တပ်ဖွဲ့ဝင်များ အမြန်ဆုံးရုပ်သိမ်းရန်အတွက် နောက်ဆုံး သတိပေးထားသော်လည်း ရုပ်သိမ်းသည်ကို မတွေ့ရကြောင်း ယင်းအုပ်စုက နောက်ဆုံးထုတ် ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။ **(အင်တာနက်)**

နှစ် ၃၀၀ ခန့် နစ်မြုပ်ခဲ့သောသင်္ဘောပျက်များမှ ရှေးဟောင်းအဖိုးတန်ပစ္စည်းများဆယ်ယူရရှိ

ပါရီ ဇူလိုင် ၁

လွန်ခဲ့သော ၁၇ ရာစုခန့်က တည်ဆောက်ခဲ့သည့် သင်္ဘောပျက်နှစ်စင်းတွေ့ရှိခဲ့သော ပြင်သစ်နိုင်ငံ စိန့်မာလိုကမ်းခြေအနီးရေပြင်၌ သမိုင်းသုတေသီများနှင့် ရှေးဟောင်းသုတေသီများ ရေငုပ်ရှာဖွေစူးစမ်းမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါ သင်္ဘောပျက်များ ရေအောက်နစ်မြုပ်လျက် ရှိသည်မှာ နှစ်ပေါင်း ၃၀၀ခန့် ရှိသွားပြီဖြစ်ကာ သင်္ဘောပျက်များထဲမှ အရိုးနှင့်ပြုလုပ်ထားသော ဘီးအပါအဝင် ရှေးဟောင်းအဖိုးတန်ပစ္စည်းများ ဆယ်ယူရရှိခဲ့သည်။

ထိုတွေ့ရှိမှုများသည် သဲလွန်စများဖြစ်ပြီး သင်္ဘောများ နစ်မြုပ်ခဲ့ဖွယ်ရှိသောခေတ်နှင့် အချိန်အခါကို မှန်းဆနိုင်မည်ဖြစ်သည်။ သုတေသီများရှာဖွေရာ စိန့်မာလိုပင်လယ် အော်သည် အဏ္ဏဝါသချိုင်းသဖွယ်ဖြစ်ပြီး ၁၇ရာစုခေတ်က သင်္ဘောပျက်ပေါင်း ၅၀ ကျော်ခန့် နစ်မြုပ်ခဲ့ရာ နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

အာဖရိကအနောက်ပိုင်းနှင့် မြောက်ပိုင်းကိုးနိုင်ငံ ကျိုင်းကောင်များကျရောက်သည့်ဒဏ်ခံနေရ

အယ်လ်ဂျီးယားစ် ဇူလိုင် ၂၉

အာဖရိကအနောက်ပိုင်းနှင့်မြောက်ပိုင်း ကိုးနိုင်ငံတို့တွင် ကန္တာရကျိုင်းကောင်များကျရောက်မှုဒဏ်ကို ၁၅ နှစ်အတွင်း အဆိုးရွားဆုံး ကြုံတွေ့ခံစားရလျက်ရှိသည်။ ကျိုင်းကောင်များ အုပ်စုဖွဲ့ပျံသန်းရာ လမ်းကြောင်းတစ်လျှောက်ရှိ စားကျက်များ၊ ကောက်ပဲသီးနှံနှင့် သစ်တောများစွာအား စားသောက်ဖျက်စီးလေ့ရှိရာ ဒေသအတွင်းစီးပွားရေးလုပ်ငန်းများအား ခြိမ်းခြောက်လျက်ရှိသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး အယ်ဂျီးရီးယားနိုင်ငံတွင် ထိပ်သီးဆွေးနွေးပွဲကျင်းပလျက်ရှိသည်။ အာဖရိကဒေသတွင် ယခုနှစ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ကျိုင်းကောင်များ ယခုလိုပေါများစွာ ကျရောက်ရခြင်းဖြစ်ပြီး အာဖရိကဒေသသည် လွန်ခဲ့သော ၁၉၈၉ ခုနှစ်ကလည်း သန်း ၃၀၀နီးပါးဖိုး ဆုံးရှုံးခဲ့ရသော ကျိုင်းကောင်ကျရောက်မှုဒဏ်ကို ခံစားခဲ့ရသည်။ **(စီအက်ဖ်အိုင်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံသို့ တပ်ဖွဲ့များ စေလွှတ်မည်မဟုတ်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြား

အစ္စလမ္မာဘတ် ဩဂုတ် ၂

အီရတ်နိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေတွင် အီရတ်သို့တပ်ဖွဲ့ဝင်များ ပါကစ္စတန်က စေလွှတ်မည်မဟုတ်ကြောင်း နိုင်ငံခြားရေးဌာနပြောခွင့်ရှိသူက အစ္စလမ္မာဘတ်မြို့၌ တနင်္လာနေ့က ပြောကြားသည်။

အီရတ်၌ တပ်ဖွဲ့ဝင်များဖြန့်ချထားရေးကိစ္စနှင့်စပ်လျဉ်း၍ ပါကစ္စတန်နိုင်ငံ ကတိခံထားခြင်း မရှိကြောင်း အပတ်စဉ်ပြုလုပ်သည့် သတင်းစာရှင်းပွဲ၌ နိုင်ငံခြားရေးရုံးပြောခွင့်ရှိသူ မာဆွဒ်ခန်က ပြောကြားသည်။

မဆုံးဖြတ်ရသေး

တပ်ဖွဲ့ဝင်များဖြန့်ချထားရေးကိစ္စနှင့် စပ်လျဉ်း၍ ပါကစ္စတန်နိုင်ငံက ယခုကဲ့သို့ ရှင်းရှင်းလင်းလင်း ပြောဆိုခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ ယခုထိတပ်ဖွဲ့ဝင်များ ဖြန့်ချရေးကိစ္စကို မိမိတို့ မဆုံးဖြတ်ရသေးကြောင်း ပါကစ္စတန်နိုင်ငံက ထပ်ခါတလဲ ပြောကြားခဲ့သည်။

အီရတ်သို့ ပါကစ္စတန်တပ်ဖွဲ့ဝင်များ လွှတ်ပေးရန် အမေရိကန်ပြည်ထောင်စုက ဩဇာအရှိန်အဝါသုံးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဝန်ခံခဲ့ပြီး ဖြစ်နိုင်ဖွယ်ရာများကို ကုလသမဂ္ဂနှင့် ဆွေးနွေးထားကြောင်း ပြောကြားသည်။

ရာဇဝတ်မှု

တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းနှင့်စပ်လျဉ်း၍ ပါကစ္စတန်နိုင်ငံက မည်သည့် ဆုံးဖြတ်ချက်ပင်ချသည်ဖြစ်စေ အပြစ်မဲ့သော ပါကစ္စတန် အမျိုးသားနှစ်ဦးကို ဓားစာခံဖမ်းထားသူများက သတ်ဖြတ်ခြင်းသည် ရာဇဝတ်မှုပင်ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ တိုးတက်မလာမချင်း ပါကစ္စတန်နိုင်ငံသားများ အီရတ်သို့ မသွားကြရန်လည်း ၎င်းက အကြံပြုတိုက်တွန်းထားသည်။ **(အင်တာနက်)**

နိုင်ငံတကာဆက်ဆံရေး၌ တပ်အင်အားအသုံးပြုမှု မလေးရှား လက်မခံ

ကွာလာလမ်ပူ ဩဂုတ် ၁

အီရတ်နိုင်ငံအတွက် အစ္စလမ္မစ်ညီလာခံအဖွဲ့(အိုအိုင်စီ)ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ထူထောင်ရေးအဆိုကို မလေးရှားနိုင်ငံက ဆုံးဖြတ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အဗ္ဗဒူလာအာမက်ဘာဒါဝီက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။ အပြီးသတ် ဆုံးဖြတ်ချက်အတွက် နိုင်ငံခြားရေးဝန်ကြီးဆီအက်ဒ်ဟာမစ်အယ်လ်ဘာက ဝန်ကြီးအဖွဲ့အစည်းအဝေးသို့ ထပ်မံတင်ပြမည်ဟု အဗ္ဗဒူလာက သတင်းထောက်များအား ပြောကြားသည်။

ဖြစ်လာ

မလေးရှားနိုင်ငံသည် အိုအိုင်စီထိပ်သီးအစည်းအဝေးကို ကွာလာလမ်ပူ၌ ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ကျင်းပခဲ့အပြီးတွင် အိုအိုင်စီဉက္ကဋ္ဌ ဖြစ်လာခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို နိုင်ငံတကာဆိုင်ရာ ဆက်ဆံရေးတွင် တစ်ဖက်သတ်ဝါဒနှင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့အားအသုံးပြုခြင်းကို လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

အဆိုပြုခြင်းကို ဆွေးနွေးခဲ့သော်လည်း ယခုအချိန်၌ မလိုအပ်သေးကြောင်း မလေးရှားနိုင်ငံက သဘောရသည့်အတွက် မဆုံးဖြတ်ခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

(အင်တာနက်)

လုံခြုံရေး စောင့်ကြပ်

ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ တူရကီကုမ္ပဏီနှစ်ခု ဓားစာခံများလွှတ်မြောက်ရေးအတွက် လုပ်ငန်းများရပ်ဆိုင်းမည်

အစ္စတန်ဘူလ် ဩဂုတ် ၂

အီရတ်တွင် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံရသည့် တူရကီယာဉ်မောင်းနှစ်ဦး အလုပ်လုပ်သော ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ကုမ္ပဏီနှစ်ခုသည် ၎င်းတို့၏ ယာဉ်မောင်းများ လွတ်မြောက်ရေးစိတ်ချရန်အတွက် အီရတ်၌ လုပ်ငန်းများရပ်ဆိုင်းရန် ပြင်ဆင်ထားကြောင်း တနင်္လာနေ့က ပြောကြားသည်ဟု အနာတိုလီယန် သတင်းဌာနက သတင်းဖော်ပြလိုက်သည်။

ယင်း ကုမ္ပဏီနှစ်ခုက ယာဉ်မောင်းများ လွတ်မြောက်ရေးအတွက် လိုအပ်သည်မှန်သမျှ ဆောင်ရွက်မည်ဟု ပူးတွဲပြုလုပ်သော သတင်းစာရှင်းပွဲ၌ ပြောကြားသည်။ ယာဉ်မောင်းသမားနှစ်ဦးမှာ အဗ္ဗဒူရာမန်ဒီမီယာနှင့် ဆက်ယူနာလူတို့ဖြစ်ကြောင်း ကုမ္ပဏီများက ပြောကြားသည်။

ယခုအချိန်၌ မိမိတို့အတွက် အရေးကြီးသည်မှာ မိမိတို့၏ ယာဉ်မောင်းများ ဘေးရန်ကင်းစွာ ပြန်ရောက်လာရေးပင်ဖြစ်ကြောင်း၊ နောက်ဆုံးရက်ကုန်ဆုံးရန်မှာ သိပ်မလိုတော့ရာ မြန်မြန်ထက်ထက် ဖြေရှင်းဖို့လိုအပ်ကြောင်း ကုမ္ပဏီ ကိုယ်စားလှယ် အိုမာအဇ်တာ့ခ်က ပြောကြားသည်။

ယင်းကုမ္ပဏီ နှစ်ခုသည် တူရကီတောင်ပိုင်းရှိ မာဆင်ဆိပ်ကမ်းမြို့၌ အခြေစိုက်ကာ ခုတင်များ၊ ဗီရိုများကို အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များထံ ပို့ဆောင်ပေးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နိုင်ငံတကာ လေကြောင်းပြပွဲ ဖွင့်လှစ်မည်

ဇူဟဲ ဩဂုတ် ၂

ငါးကြိမ်မြောက် တရုတ်နိုင်ငံတကာ လေယာဉ်မောင်းအတတ်ပညာနှင့် လေယာဉ်တည်ဆောက်မှုပြပွဲကို တရုတ်ပြည်တောင်ပိုင်း ကွမ်တုန်ပြည်နယ်ရှိ ဇူဟဲမြို့တွင် အောက်တိုဘာ ၃၁ရက်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါပြပွဲကို နိုဝင်ဘာ ၁ ရက်မှ ၄ရက်အထိ ကျွမ်းကျင်ပညာရှင်များအား သီးသန့်ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၅ရက်မှ ၇ ရက်အထိ အများပြည်သူအတွက် ဖွင့်လှစ်ပြသပေးမည်ဖြစ်ကြောင်း ပြပွဲစီစဉ်သူများက ပြောသည်။

ယင်းပြပွဲသို့ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ အီတလီ၊ ဗြိတိန်၊ နယ်သာလန်၊ ကနေဒါ၊ ဂရိနှင့်စပိန် အပါအဝင်ဒေသတွင်းနှင့် နိုင်ငံပေါင်း ၃၀မှ ပြသသူ ၅၀၀ခန့် ပါဝင်ပြသကြမည် ဖြစ်သည်။

လေကြောင်းပြပွဲအတွင်း ဗြိတိန်၊ ပြင်သစ်၊ ရုရှားနှင့် တရုတ်တို့မှ အဖွဲ့ငါးဖွဲ့က လေကြောင်းစွန့်စားပျံသန်းမှု သရုပ်ပြကြမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ၏ တည်ငြိမ်ရေးနှင့် လုံခြုံရေးအထူးအရေးပါမှု အီရန်သဘောပေါက်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ခါရာဇီပြောကြား

တီဟီရန် ဩဂုတ် ၃

အီရတ်နိုင်ငံ ငြိမ်းချမ်းရန် တည်ငြိမ်ရန်နှင့်လုံခြုံမှုရှိရန် အထူးအရေးကြီးကြောင်း အီရန်နိုင်ငံက သဘောပေါက်ကြောင်းနှင့် ထိုအရာများ ပြီးမြောက်အောင်မြင်ရေးအတွက် အစွမ်းကုန် ကူညီသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကမာလ်ခါရာဇီက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ခါရာဇီသည် တနင်္ဂနွေနေ့၌ တီဟီရန်တွင် စတင်ကျင်းပသည့် အီရန်-အီရတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ညီလာခံတွင် ထိုသို့ မှတ်ချက်ပေး ပြောကြားခြင်းဖြစ်သည်။

မျှော်လင့်

အီရတ်နိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော အထူးအခြေအနေများနှင့်စပ်လျဉ်း၍ အီရတ်အရာရှိများသည် နိုးနိုးကြားကြားနှင့် တိတိကျကျ လုပ်ဆောင်သွားမည်ဟု မျှော်လင့်ကြောင်း ခါရာဇီက ပြောကြားသည်ဟု အိုင်အာအင်အေသတင်းဌာနက ပြောကြားသည်။ ထို့ပြင် ခါရာဇီက အီရန်နှင့်အီရတ်အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်ကိုလည်း အလေးထား ပြောကြားခဲ့သည်။

အစွမ်းအစရှိ

အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သော အီရန်နှင့်အီရတ်တို့သည် စီးပွားရေးလုပ်ဖော်ကိုင်ဖက် နိုင်ငံကြီးနှစ်နိုင်ငံဖြစ်လာရန် အစွမ်းအစရှိကြသည့် နိုင်ငံများဖြစ်ကြသည်။

အီရန်နှင့် အီရတ်နိုင်ငံတို့သည် ၎င်းတို့၏ ရေရှည်အကျိုးစီးပွားများ အောင်မြင်မှုရရေးအတွက်သာမက နိုင်ငံတကာဆိုင်ရာ ဦးဆောင်မှုတွင်လည်း စွမ်းအင်ကဏ္ဍအမျိုးမျိုး၌ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးနိုင်ကြောင်း ခါရာဇီက ဆက်လက်ပြောကြားသည်။ ထိုအတောအတွင်း ခါရာဇီက နှစ်နိုင်ငံ လွတ်လပ်စွာကုန်သွယ်ရေးဆက်ဆံမှု ထူထောင်သွားရန်လည်း တိုက်တွန်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာတွင် ဒဏ်ရာရရှိခဲ့သည့် အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုင်းရင်းသားပြည်သူများကျန်းမာရေး စောင့်ရှောက်ပေးမည့် ကျန်းမာရေးအဆောက်အအုံများ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသော ပြည်သူ့ဆေးရုံကို ဤသို့ တွေ့ရသည်။

အဆင့်မြင့်မြို့တော်ဆေးရုံ

တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးမည့် မန္တလေးမြို့ မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဆင့်မြင့်မြို့တော်ဆေးရုံ တည်ဆောက်ရေးပြီးစီးမှုကို ဤသို့ တွေ့ရသည်။

ပန်နန်းဒင်မြို့ ပြည်သူ့ဆေးရုံ

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ် ပန်နန်းဒင်မြို့ ရှိ ပြည်သူ့ဆေးရုံ ဆောက်လုပ်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

မိခင်နှင့် ကလေး စောင့်ရှောက်ရေး အဆောက်အအုံ

ရန်ကုန်တိုင်း ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း အဆောက်အအုံသစ်ကို ဤသို့ တွေ့ရသည်။

မစ်စ်အာဆီယံမြန်မာရွေးချယ်ရေးအစည်းအဝေး ဒေါက်တာဒေါ်ခင်ဝင်းရွှေတက်ရောက် နိုင်ငံတော်ကိုယ်စားပြု ယှဉ်ပြိုင်မည့်ပွဲဖြစ်၍ ထူးချွန်ထက်မြက်သူများ ရွေးချယ်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၃

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ၂၀၀၅ခုနှစ် မတ်လတွင်ကျင်းပမည့် Miss ASEAN Culture-2005 အတွက် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် Miss ASEAN Myanmar ရွေးချယ်ရေး တတိယအကြိမ်မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ Miss ASEAN Culture ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရွေးချယ်ရန်မှာကြား

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာတွင် Miss ASEAN Culture Myanmar ပြိုင်ပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ စိတ်ပါဝင်စားသူ အမျိုးသမီးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ယခုပြိုင်ပွဲသည် သာမန်ပြိုင်ပွဲမျိုးမဟုတ်ဘဲ ASEAN နိုင်ငံများအတွင်း နိုင်ငံတော်ကိုယ်စားပြု ယှဉ်ပြိုင်ရမည့်ပွဲဖြစ်သည့်အတွက် အရေးကြီးကြောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် ထူးချွန်ထက်မြက် ဗဟုသုတကြွယ်ဝပြီး ဖြတ်ထိုးဉာဏ်ပြည့်စုံသူ၊ အင်္ဂလိပ်စာတတ်ကျွမ်းပြီး အခြေခံကောင်းသူကို ရွေးချယ်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြိုင်ပွဲကျင်းပမည့်ရက်ကို ၂၀၀၅ ခုနှစ် မတ်လသို့ ရွှေ့ပြောင်းသွားသည့်အတွက် ပြိုင်ပွဲဝင်လျှောက်လွှာပိတ်ရက်ကို ရက်တိုးပြီး ၂၀၀၄ခုနှစ် အောက်တိုဘာလ ၈ရက်သို့ ပြောင်းရွှေ့လက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဘဏ္ဍာရေး၊ ပြန်ကြားရေး၊ လုံခြုံရေးနှင့် အထွေထွေကိစ္စများကို ဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲ ၂နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သနင်္ဂနစမ္မပါလကာအဖွဲ့ချုပ် ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၃

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သံဃာတော်များအား သနင်္ဂနစမ္မပါလကာအဖွဲ့ချုပ်က ကြီးမှူး၍ ဟိန္ဒူမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားကျောင်း၌ ပြုလုပ်သည်။

လျှောက်ထား

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘဒ္ဒန္တတေဇဝန္တထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သနင်္ဂနစမ္မပါလကာအဖွဲ့ချုပ်က ဆောင်ရွက်သော ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကြည်မင်းက လျှောက်ထားတင်ပြသည်။

အမျှပေးဝေ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအား သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်မင်းနှင့် အလှူရှင်များက ဝါဆိုသင်္ကန်း၊ ဆွမ်း **(အပေါ်ပုံ)**နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးချုပ်ငွေသိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိတို့နိုင်ငံအတွင်း၌ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းများအဖြစ် စုဆောင်းခြင်းမဖြစ်ပေါ်ရအောင် ကာကွယ်တားဆီးပြီး ယင်းကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာဆောင်ရွက်နိုင်ရေးတို့အတွက် ၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်းက ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ညှိနှိုင်းဆွေးနွေး

ယခု ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပရာတွင် ယခင်က ကျင်းပခဲ့သည့် အစည်းအဝေးက ချမှတ်ခဲ့သည့် ညှိနှိုင်းဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ရှေ့ဆက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ကလေးသူငယ်များ၏ လွတ်လပ်မှုကို ကာကွယ်ထိန်းသိမ်းနိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ရှိပြီးဖြစ်ကြောင်း၊ အရွယ်မရောက်သေးသူ ကလေးငယ်များအားလုံး စစ်မှုထမ်းခြင်းမှ ကာကွယ်ထားသည့် ဥပဒေနှင့်အမိန့်များ ရှိပြီးဖြစ်ကြောင်း၊ အရွယ်မရောက်သေးသူများအား အဓမ္မစစ်မှုထမ်းအဖြစ် စုဆောင်းခဲ့မှုများ ရှိခဲ့လျှင်လည်း ဖိဖိစီးစီး ကြပ်မတ်အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံအပေါ် အမြင်မကြည်လင်သော အင်အားစုများက ပုံကြီးချဲ့စွပ်စွဲမှုများကို အမျိုးမျိုး ဆက်လက်ပြုလုပ်လျက်ရှိကြကြောင်း။

ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်

မိမိတို့ကော်မတီအနေဖြင့် ကော်မတီ၏ ရည်ရွယ်ချက်များအတိုင်း နိုင်ငံအတွင်း၌ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းအဖြစ် စုဆောင်းခြင်းများမဖြစ်ပေါ်ရအောင် ကာကွယ်တားဆီးပြီး ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က နိုင်ငံတော်အတွင်း ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကိစ္စနှင့် လုပ်ငန်းဆက်စပ်နေသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သင့်သည့်ကိစ္စများကို တင်ပြဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး အောင်စံတင်တို့က ဆက်လက်ဆောင်ရွက်သင့်သော အစီအစဉ်များ၊ ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများက လိုအပ်သည်များကို ဖြည့်စွက် အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျောင်းသူများအား အာဟာရပြည့်ဝအောင် စနစ်တကျကျွေးမွေး ကျန်းမာရေးစနစ်တကျစောင့်ရှောက်၊ လိမ္မာရေးခြားရှိအောင်ဆုံးမသွန်သင်ပဲ့ပြင်

ရန်ကုန် ဩဂုတ် ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများသင်တန်းကျောင်းသို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂၈)တွင် မူလတန်းပညာ သင်ယူနေသော ကလေးငယ်များအားလည်းကောင်း၊ စက်ချုပ်ပညာသင်ခန်းတွင် စက်ချုပ်ပညာ သင်ယူနေမှုကိုလည်းကောင်း ကြည့်ရှုပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်းသို့ သွားရောက်၍ မူကြိုရင်သွေးငယ်များ တေးသီချင်းဂီတဖြင့် သင်ယူမှုအခန်း၊ ကစားနည်းဖြင့် သင်ယူမှုအခန်း၊ ကွန်ပျူတာဖြင့် သင်ယူမှုအခန်းများအား ကြည့်ရှုစစ်ဆေးပြီး မူကြိုအရွယ် ကလေးငယ်များအား သင်ရိုးညွှန်းတမ်းနှင့်အညီ ပြုစုပျိုးထောင်ပေးရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာရှင်းလင်းဆောင်တွင် အုပ်ချုပ်ရေးမှူး ဒေါ်ထွေးမြင့်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အမျိုးသမီးများအား ပညာသင်ကြားရေး၊ အသက်မွေးမှုပညာရပ်များ သင်ကြားပေးရေး၊ အလုပ်အကိုင် နေရာချထားမှုနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ကျောင်းသူများအား အာဟာရဖြစ်အောင် စနစ်တကျ ကျွေးမွေးရေး၊ ကျန်းမာရေး စနစ်တကျ စောင့်ရှောက်မှုပေးရေး၊ လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမပဲ့ပြင်မှုပေးရေးတို့ကိုမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံရွာ-ရွှေသိမ်တော်ကြီးကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃

မုံရွာမြို့ အေးသာယာရပ် ရွှေသိမ်တော်ကြီးကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြသော ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသိရီ (မဟာဂန္ထဝါစက ပဏ္ဍိတ) အမှူးပြုသော သံဃာတော်အပါး ၁၀၀ကျော်တို့ထံ သာသနပါလအသင်းကြီးကကြီးမှူး၍ ရန်ကုန်၊ မန္တလေး၊ မုံရွာမြို့တို့မှ တပည့်ဒါယကာ ဒါယိကာမများစုပေါင်းကာ ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် (တနင်္ဂနွေ)နေ့က (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(က-ဗ)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂-၈-၂၀၀၄

ရေးမြို့	၄ ဒသမ ၄၅ လက်မ
ဖျာပုံမြို့	၃ ဒသမ ၅၀ လက်မ
သထုံမြို့	၂ ဒသမ ၇၂ လက်မ
ထားဝယ်မြို့	၁ ဒသမ ၅၇ လက်မ

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မိုးရေချိန်များ

၃-၈-၂၀၀၄

ရန်ကုန်မြို့လယ်	၁ ဒသမ ၈၁ လက်မ
ကမ္ဘာအေး	၁ ဒသမ ၄၂ လက်မ
မင်္ဂလာဒုံ	၁ ဒသမ ၁၄ လက်မ

* ကျောဖုံးမှ

စကြေ့ာရွာတွင် စခန်းချထားကာ ကြပ်မတ်ကွပ်ကဲနေမှု၊ ဗိုလ်မြတ်ထွန်းတံတားကြီးအောက်မှ ဖြတ်သန်းရာတွင် တစ်စင်းချင်း၊ တစ်တွဲချင်းသာ ဖြတ်သန်းရန်နှင့် ရေစီးနှုန်း၊ လေတိုက်နှုန်း၊ မိမိသယ်ဆောင်ဝန်နှင့် စက်အားတို့ကို ချင့်ချိန်၍ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းကြရန် သတိပေးနှိုးဆော်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မျက်ခြည်မပြတ်စောင့်ကြည့်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရေယာဉ်များမြစ်ကူးတံတားကြီးများမှ ဖြတ်သန်းရာတွင် အစုန်ရေလမ်းကြောင်းမှာ အန္တရာယ်ရှိနိုင်၍ ကြပ်မတ်ကွပ်ကဲရေးအဖွဲ့က သေချာစွာသတိပြု ကြပ်မတ်ကွပ်ကဲရေး၊ တန်ဖိုးကြီးမားသော တံတားကြီးဖြစ်၍ ပေါ့ဆမှုများကြောင့် ရေယာဉ်နှင့် သစ်ဖောင်များ တံတားနှင့်ထိခိုက်မှု မဖြစ်စေရေးအတွက် သတိပြုထိန်းသိမ်း ဆောင်ရွက်ရေး၊ မလိုက်နာသူများကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရေးနှင့် တံတားကြီး အစဉ်ကြံ့ခိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် စစ်ဆေးဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ်လေဆီနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိမှု၊ တွင်းအမှတ်(၂၃) တူးဖော်မှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဗိုလ်မြတ်ထွန်းတံတားကြီး၏ ကြံ့ခိုင်မှု အခြေအနေများနှင့် ရေလမ်းကြောင်းစီးဆင်းမှုအခြေအနေများကို တံတားကြီးပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပန်းတနော်၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်နှင့် ပုသိမ်မြို့နယ်များအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ အောင်မြင်ဖြစ်ထွန်းနေမှု၊ မြို့နယ်အတွင်းရှိဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ကားလမ်းအားထိန်းသိမ်းစောင့်ရှောက်ထားမှု အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ဆွေးနွေးမှာကြား

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက ကမ်းနီဘက်နှင့် မရမ်းချောင်းဘက်တွင် ပင်မသံမဏိတာဝါတိုင်နှစ်တိုင် တည်ဆောက်နေမှု၊ သံမဏိကြိုးထိန်းခုံနှစ်ခုတည်ဆောက်နေမှု၊ ပင်မကြိုးများတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက တံတားသံပေါင်များ ဆက်လက်တပ်ဆင်ရန်ဆောင်ရွက်ထားရှိမှု၊ ကြိုတင်သွန်းလောင်းထားသော Decking Slab များ အချိန်နှင့်တစ်ပြေးညီ တပ်ဆင်ပြီး တံတားသံပေါင်ပေါ်တွင် ခင်းကျင်းရန် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လမ်းအထူးအဖွဲ့(၂)မှ အင်ဂျင်နီယာမှူး ဦးကျော်ရှိန်းက ပုသိမ်-ချောင်းသာ ချဉ်းကပ်လမ်းနှင့် တံတားများ တည်ဆောက်နေမှု၊ အရှည်ပေ ၃၃၀ရှိ သစ်သားနှင့် ဘေလီရောစပ် အမျိုးအစား ကျောက်ချောင်းကြီး တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စီမံကိန်းလုပ်ငန်းခွင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ပင်မသံမဏိတာဝါတိုင် နှစ်တိုင်နှင့် သံမဏိကြိုးထိန်းခုံနှစ်ခု တည်ဆောက်နေမှု အပါအဝင် စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၇၀ ရာခိုင်နှုန်းပြီးစီး

အဆိုပါပုသိမ်တံတားမှာ အရှည်ပေ ၂၁၄၀ နှင့် ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိ သံပေါင်ကြိုးတံတားအမျိုးအစားဖြစ်ကာ စီမံကိန်းတစ်ခုလုံး ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး ယခုနှစ် အောက်တိုဘာလမကုန်မီ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပုသိမ်တံတားတည်ဆောက်ပြီးစီးသွားပါက ငဝန်မြစ်အနောက်ဘက်ကမ်းဒေသများဖြစ်သော ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေအပါအဝင် ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ် စသည့်ဒေသများ၌ လမ်းပန်းဆက်သွယ်မှုပိုမိုတိုးတက်ကောင်းမွန်လာပြီး ပင်လယ်ရေလုပ်ငန်းထွက်ကုန်များ၊ လယ်ယာထွက်ကုန်များကို ရန်ကုန်မြို့နှင့်တကွ ဒေသအနှံ့အပြားသို့ ယခုထက်ပိုမိုလွယ်ကူစွာတင်ပို့ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကာ ငဝန်မြစ်အနောက်ခြမ်းဒေသများသည်လည်း ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၃

ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် အေ-၁၌ တွေ့ရှိထားပြီးဖြစ်သော သဘာဝဓာတ်ငွေ့များကို ထုတ်ယူအသုံးချနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas-LNG) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် CEO Mr. Tae-Yong Lee ဦးဆောင်သော တာဝန်ရှိသူများအကြား ဆွေးနွေးမှုများကို ယနေ့မွန်းလွဲ ၁ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးညှိနှိုင်း

အလားတူ ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် အေ-၁နှင့် အေ-၃ တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်၍ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် CEO Mr. Tae-Yong Lee ဦးဆောင်သော တာဝန်ရှိသူများ၊ Korea Gas Corporation (KOGAS) Senior Vice President Mr. Kwang-Jin Kim ဦးဆောင်သော တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh ကုမ္ပဏီ ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Mr.R.S.Butola ဦးဆောင်သော တာဝန်ရှိသူများနှင့် GAIL ကုမ္ပဏီဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Mr.P.Banerjee ဦးဆောင်သော တာဝန်ရှိသူများအကြား ဆွေးနွေးညှိနှိုင်းမှုကို ညနေ ၄ နာရီတွင်ပြုလုပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အိန္ဒိယသမ္မတနိုင်ငံ လေ့လာရေးခရီးမှပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ၏ ရထားလုပ်ငန်းများကို လေ့လာခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ (အပေါ်ပုံ)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ Counsellor, Mr. Rahul Kulshreshth နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီ၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်မှု/လျှပ်စစ်)ဦးစိုးဝင်း၊ အထွေထွေမန်နေဂျာ(မြို့ပြ) ဦးသီဟန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲမြင့်နှင့် မြန်မာ့မီးရထားလက်ထောက် အထွေထွေမန်နေဂျာ(ဆက်သွယ်ရေး) ဦးဘမြင့်တို့ ပြန်လည်လိုက်ပါလာကြသည်။

ဆွေးနွေး

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ၌ရှိနေစဉ် ဇူလိုင် ၂၇ ရက်နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ မီးရထားဝန်ကြီးဌာနသို့ သွားရောက်၍ ဒုတိယဝန်ကြီး Mr.R.Velu အားတွေ့ဆုံပြီး နှစ်နိုင်ငံ ရထားပို့ဆောင်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် နှစ်နိုင်ငံမီးရထားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် Joint Secretary, Ministry of External Affairs, Mrs. Mitra Vasisht တို့ကလည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ပေးမည့် ချေးငွေ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၃၅၈သန်းကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် Exim Bank မှတာဝန်ရှိသူတို့သည် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေ

ရန်ကုန် ဩဂုတ် ၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ် မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့်ဧရာဝတီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအထိ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက် အလယ်ပိုင်းတို့တွင် လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေကြောင်းသိရသည်။

ဩဂုတ် ၄ ရက် ညနေအထိ ခန့်မှန်းချက်အရ မကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်၍မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

စည်ပင်သာယာရေးဦးစီးဌာန ဒုညွှန်ချုပ် မကွေးတိုင်းအတွင်း လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဩဂုတ် ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၇ ရက်တွင် မကွေးတိုင်း မင်းလှမြို့နယ်သို့ရောက်ရှိပြီး ပုသိမ်-မုံရွာလမ်းမကြီးနှင့် လက်ပံတံခါးကျေးရွာဆက်သွယ်သည့် လမ်းခင်းကျင်းပြီးစီးမှုနှင့် မိုးရာသီအတွင်း သွားလာနိုင်ရန် ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၂၈ရက်တွင် ရေနံချောင်းမြို့ ရေပေးရေးစက်ရုံနှင့် ပျိုးဥယျာဉ်ကိုလည်းကောင်း၊ သုံးဆယ့်ခြောက် ကျေးရွာရှိ တန်ဖိုးနည်း ကျေးလက်အိမ်ရာကိုလည်းကောင်း၊ ချောက်မြို့နယ် စမ်းစုကျေးရွာရှိ တန်ဖိုးနည်း ကျေးလက်အိမ်ရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ကျောက်ပန်းတောင်းမြို့နယ် အိုင်းမနက်ချောင်းမှ နတ်မောက်မြို့သို့ ဆက်သွယ်သည့်လမ်းတွင် ရေပြွန်နှင့် ရေကျော်လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာနှင့် မရိုးတောကျေးရွာတို့တွင် ရေရရှိရေးဆောင်ရွက်ထားမှုကိုလည်းကောင်း၊ မြို့သစ်မြို့ မြို့တွင်းလမ်းများကို လည်းကောင်း၊ ဝွေးကုန်း ကျေးရွာမူလတန်းကျောင်းအတွင်း ဆောင်ရွက်ပေးထားသော လက်နှိပ်တုံကင်တွင်းကို လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် ပန်းခြံကိုလည်းကောင်း၊ ဇူလိုင် ၂၉ရက်တွင် တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း အလှူရှင် ဦးလှမြင့်ဆွေ-ဒေါ်ဆွေဆွေရှိန်တို့၏ လှူဒါန်းငွေဖြင့် တူးဖော်ပေးခဲ့သော စက်ရေတွင်းကိုလည်းကောင်း၊ တောင်တွင်းကြီးမြို့ ရေပေးရေးလုပ်ငန်းဆိုင်ရာ ရေစက်ရုံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီးနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

မကွေးကောလိပ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

၁၉၆၄-၁၉၇၆ ခုနှစ် မကွေးကောလိပ် ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီတွင် မကွေးတက္ကသိုလ်ခမ္မာရုံ မကွေးမြို့၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများသည် (ရန်ကုန်)ဦးခင်မောင်ညွန့် ဖုန်း-၀၁-၆၆၃၁၈၀၊ ဦးတင်မောင်သန်း ဖုန်း-၀၉-၅၀၀၃၈၉၉၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၀၁၈၅၃၃၊ ဦးသိန်းတန် ဖုန်း-၀၁-၂၄၄၁၀၅၊ ဒေါ်ခင်သန်းစိန် ဖုန်း-၀၁-၅၃၉၇၁၄၊ ဒေါ်ကြည်ကြည်တင် ဖုန်း-၀၉၉၉၂၅၃၄၄၊ ဒေါ်ခင်မာမာ ဖုန်း-၅၃၅၆၂၂၊ ဒေါ်မိမိခိုင် ဖုန်း-၀၁-၆၄၀၈၆၈၊ (မကွေး) ဦးခင်မောင်မြင့် ဖုန်း-၀၆၃-၂၁၁၂၈၊ ဦးခင်မောင်အေး ဖုန်း-၀၆၃-၂၃၂၀၇၊ ဦးအောင်ကျော်ဦး ဖုန်း-၀၆၃-၂၃၁၉၃၊ (မန္တလေး)ဒေါ်ချိုချိုထွန်း ဖုန်း-၀၂-၆၄၅၀၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဧရာနှင့် ဒုဋ္ဌဝတီမြစ်ရေအခြေအနေ

ရန်ကုန် ဩဂုတ် ၃

ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့၌ တစ်ပေခန့် စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်းစိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

နိုင်ငံတကာတွင် ခိုင်မြဲတိုးတက်နေသော မြန်မာ–တရုတ် ညီရင်းအစ်ကို ဆက်ဆံရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ရဲ့ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့ပြီးနောက် ဇူလိုင်လ ၁၈ရက်နေ့မှာ ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ဇူလိုင်လ ၁၁ရက်နေ့က စတင်သွားရောက်ခဲ့ပြီး ရက်သတ္တတစ်ပတ်ကြာ ခရီးစဉ်ဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ ဌာနဆိုင်ရာအကြီးအကဲများလဲ လိုက်ပါသွားခဲ့ကြပါတယ်။ မြန်မာ–တရုတ်နှစ်နိုင်ငံတို့ဟာ အစဉ်အလာ အိမ်နီးချင်းကောင်း နိုင်ငံများလဲဖြစ်ပါတယ်။ ဒါကြောင့်ဒီခရီးစဉ်ဟာ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ တည်ဆောက်လာခဲ့တဲ့ ညီရင်းအစ်ကို ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြဲခိုင် တိုးတက်လာအောင် ကြိုးပမ်းမှုလဲ ဖြစ်ပါတယ်။

ဒီကနေ့ အာရှအရှေ့ဖျားနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်ဟာ စီးပွားရေးနဲ့ သိပ္ပံပညာဘက်တို့မှာ ကမ္ဘာ့ပါရဂူကြီးများ မယုံကြည်နိုင်လောက်အောင် ထိုးဖောက်တိုးတက်လာတာကို လူတိုင်းတွေ့မြင်နေရပြီး ဖြစ်ပါတယ်။

ပဲရစ်မြို့တွင် အခြေစိုက်တဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Organization for Economic Corporation and Development OECD)ရဲ့ ထုတ်ပြန်ကြေညာချက်အရ တရုတ်ပြည်ဟာ ကမ္ဘာပေါ်တွင် သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေး (R&D)လုပ်ငန်းများအတွက် တတိယမြောက် ငွေကြေးအသုံးစွဲဆုံး နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဒါဟာ စက်မှုခေတ်ဆီသို့ လျင်မြန်စွာချီတက်နေသော တရုတ်နိုင်ငံအပေါ် မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။ OECD ရဲ့ နှစ်နှစ်တစ်ကြိမ်ထုတ်ဝေလျက်ရှိတဲ့ သိပ္ပံနည်းပညာနဲ့စက်မှုဆိုင်ရာ သုတပေါင်းချုပ်စာအုပ်မှ နောက်ဆုံးပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်တွင် တရုတ်ပြည်ဟာ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေး (Research and Development R&D) လုပ်ငန်းများအတွက် ၂၀၀၁ခုနှစ်တွင် ဒေါ်လာ၆၀ဘီလီယံ သုံးစွဲခဲ့ကြောင်း၊ US နဲ့ Japanတို့ရဲ့နောက်တွင် လိုက်လျက်ရှိကြောင်း၊ US ဟာ ဒေါ်လာ ၂၈၂ ဘီလီယံနဲ့ ဂျပန်ဟာ ဒေါ်လာ၁၀၄ဘီလီယံ အသီးသီးသုံးစွဲခဲ့ကြောင်း၊ ဂျာမနီဟာ တရုတ်နောက်တွင်ရှိပြီး ဒေါ်လာ ၅၄ဘီလီယံ သုံးစွဲခဲ့ကြောင်း ဖော်ပြထားပါတယ်။ တရုတ်ပြည်ရဲ့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအပေါ် ငွေကြေးသုံးစွဲမှုမှာ မကြာသေးခင်အချိန်များက စတင်ပြီး လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း၊ ၁၉၉၆ခုနှစ်တွင် GDP ရဲ့ ၀ဒသမ ၆ရာခိုင်နှုန်းရှိခဲ့ရာက နောက်ဆုံးနှစ်တွင် ၁ဒသမ၁ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ကြောင်း၊ အထူးသဖြင့် တရုတ်ပြည်မှ ကုမ္ပဏီများဟာ ယင်းတို့သုံးစွဲငွေ စုစုပေါင်းရဲ့ ၆၀ရာခိုင်နှုန်းကို သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း ဖော်ပြထားပါတယ်။ အခုအခါ (R&D)လုပ်ငန်းများအပေါ် ငွေကြေးကျခံသုံးစွဲမှုအချိုးမှာ နိုင်ငံများကိုတိုင်းတာတဲ့ အညွှန်းကိန်းတစ်ခု ဖြစ်လာပြီး နိုင်ငံတွေရဲ့ တီထွင်မှုလုပ်ငန်းများ၊ ပညာအခြေခံသော စက်မှုလုပ်ငန်းများအတွက် အရေးပါသော နေရာတွင် ရပ်တည်လျက်ရှိပါတယ်။

ဒီကနေ့ အမေရိကန်ကုန်သည်များအသင်းရဲ့ တရုတ်ပြည်ရှိ အမေရိကန်ကုမ္ပဏီများအပေါ် စစ်တမ်းပြုစုမှုအရ ၂၀၀၂ခုနှစ်တွင် ယင်းကုမ္ပဏီတို့ရဲ့ အမြတ် ၄၂ရာခိုင်နှုန်းဟာကမ္ဘာတစ်ဝန်း ပျမ်းမျှအမြတ်ထက် သာလွန်နေကြောင်း ပြသတယ်လို့ ဆိုပါတယ်။ ကုမ္ပဏီအများအပြားအတွက် တရုတ်ပြည်ဟာ အမြတ်ရှာပေးတဲ့နေရာ ရတ်ချည်းဖြစ်လာတယ်လို့ ပေကျင်းရှိသံတမန်တစ်ဦးက ဆိုပါတယ်။

ဒါကြောင့် မြေကို လူ့အဖွဲ့အစည်းပိုင် ပြုလုပ်ထားပြီး လူ့အခွင့်အရေးနဲ့ တဖြည်းဖြည်းပေါင်းစပ်ကျင့်သုံးလာတဲ့ တရုတ်ပြည်ရဲ့ တိုးတက်ဖြစ်ပေါ်မှုဟာ စက်မှုအရင်းရှင်နိုင်ငံတွေကို ကျော်လွန်သွားနိုင်စရာ အလားအလာတွေ ရှိနေပြီဖြစ်ပါတယ်။ တရုတ်ပြည်မှာ မြေဈေးတွေ လုံးဝမရှိသလောက်ဖြစ်နေမှုဟာ စက်မှုဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံကြီးတွေထက် တပန်းသာလွန်နေတဲ့ အချက်ဖြစ်ပါတယ်။

တရုတ်ပြည်ကြီးဟာ ကိုယ့်မှုကိုယ့်ဟန် ကိုယ့်လူ့အဖွဲ့အစည်းနဲ့ကိုက်ညီမှန်ကန်စွာ ပြောင်းလဲနေတဲ့အတွက် အခုလိုအံ့သြဖွယ်ရာ တိုးတက်လာခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနဲ့ ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရက်သတ္တတစ်ပတ်ခန့် နေထိုင်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးနဲ့ ဝန်ကြီးချုပ်တို့အပါအဝင် ထိပ်တန်းခေါင်းဆောင်များနဲ့လဲ အမြင်ချင်းဖလှယ်ပြီး နိုင်ငံတကာအရေးများကို ဆွေးနွေးခဲ့ကြပါတယ်။ အပြန်အလှန် နားလည်မှုများလဲ ရရှိခဲ့ကြပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်ကြီးများကို မြန်မာနိုင်ငံတွင် နိုင်ငံရေးအေးချမ်းတည်ငြိမ်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးမှု အထိုက်အလျောက်ရရှိနေကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လဲ ချစ်ခင်ရင်းနှီးမှုရှိပြီး အပြုသဘောဆောင်သည့် ဆက်ဆံရေး ထူထောင်ထားကြောင်း၊ မြန်မာနိုင်ငံ ရှေ့ဆက်လျှောက်လှမ်းမည့်မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ပတ်သက်၍လဲ အရေးကြီးဆုံးခြေလှမ်းဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ချမှတ်ပေးမည့် အမျိုးသားညီလာခံကို မေလ ၁၇ ရက်နေ့မှ စတင်ကျင်းပခဲ့ကြောင်း၊ ယင်းညီလာခံကို တိုင်းရင်းသား

အောင်မိုးခံ

လူမျိုးစု ကိုယ်စားလှယ် ၄၀၀ ကျော် အပါအဝင် အလွှာရှစ်လွှာမှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ဦးနှင့် အောင်မြင်စွာကျင်းပနေကြောင်း၊ ယခုအခါ ကိုယ်စားလှယ်များ နေရပ်သို့ခေတ္တပြန်သွားကြပြီဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် ညီလာခံ ပြန်လည်စတင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာဟူကျင်တောင်ကလဲ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မည်သည့်အခါမှ ဝင်ရောက်စွက်ဖက်မည် မဟုတ်ကြောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို အခြေခံသည့် တရုတ်–မြန်မာဆက်ဆံရေး ပြောင်းလဲခဲ့ခြင်းမရှိသည့်အတွက် ဝမ်းမြောက်ကြောင်း၊ နှစ်နိုင်ငံအကြားနားလည်မှုပူးပေါင်းဆောင်ရွက်မှုများတိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင်ကလဲ တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင် မြန်မာနိုင်ငံကို အလေးထားမည်ဖြစ်ကြောင်း၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံရပ်တည်နေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေး တိုးတက်ဖြစ်ထွန်းရေး အတွက် တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့တဲ့ တရုတ်–မြန်မာနှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများနဲ့ အပြန်အလှန်လဲလှယ်မှုစာလွှာများကို အခုလိုထင်ရှားစွာ တွေ့နိုင်ပါတယ်–

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား စီးပွားရေးနှင့် ကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊

၂။ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေး စီမံကိန်းဆိုင်ရာစာလွှာ၊

၃။ မြန်မာနိုင်ငံတွင် ရေအား လျှပ်စစ်လုပ်ငန်း စီမံကိန်းများ၏ ပင်မစီမံချက် ရေးဆွဲရေးဆိုင်ရာ စာလွှာ၊

၄။ သန်လျင်–ကျောက်တန်းစက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာ စာလွှာ၊

၅။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွမ် သန်း၅၀ဖြင့် ရထားသံလမ်းများ ရယူရေးဆိုင်ရာ စာလွှာ၊

၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက် လုပ်ငန်းဝန်ကြီးဌာနတို့အကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ၊

၇။ အမှတ်(၄) ယူရီးယားဓာတ်မြေဩဇာစက်ရုံ (တိုက်ကြီး) တည်ဆောက် ရေးအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းရေး သဘောတူစာချုပ်၊

၈။ ချေးငွေပေးဆပ်ရေး ပြန်လည်ညှိနှိုင်းမှု သဘောတူ စာချုပ်၊

၉။ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက်တည်ဆောက်ရေး စီမံကိန်းအတွက် ထောက်ပံ့ရေးစာချုပ်၊

၁၀။ တကောင်းတောင် နီကယ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက် နိုင်စွမ်း လေ့လာရေးလုပ်ငန်း သဘောတူ စာချုပ်၊

၁၁။ ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှု စာချွန်လွှာ၊

၁၂။ The Supply Contract between Myanma Posts and Tele-Communication and ZTE Corporation for GSM System Expansion Project စာချုပ်။

ဒါတွေကို ကြည့်ခြင်းအားဖြင့် **မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါ နိုင်ငံများက လူသားချင်းစာနာတဲ့ အကူအညီ ဖြတ်တောက်ပြီး စီးပွားရေးပိတ်ဆို့ အရေးယူနေချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ စာနာထောက်ထားမှုနဲ့ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို အထင်အရှား တွေ့နိုင်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ မြန်မာပြည်သူတွေအပေါ် ဆင်းရဲကျပ်တည်းစေသော လုပ်ရပ်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ မြန်မာပြည်သူတွေအပေါ် ဖွံ့ဖြိုးတိုးတက်စေလိုသော လုပ်ရပ်ကိုလဲ ကွဲပြားစွာ တွေ့နိုင်ပါတယ်။ မြန်မာပြည်သူ တွေအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ နိုင်ငံတွေရဲ့ ပူပြင်းလောင်မြိုက်စေတဲ့ အကျပ်ကိုင် ဖိအားပေးမှုနဲ့ မြန်မာပြည်သူတွေအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အေးမြတဲ့ စာနာထောက်ထားမှုတွေဟာလဲ ကွဲပြားစေပါတယ်။** အခုလို ဖော်ပြရခြင်းဟာ မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေးအတွက်သာ မဟုတ်ဘဲ အခြားသော နိုင်ငံတကာ ဆက်ဆံရေးတွင်လဲ အခုလိုချစ်ကြည်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံတကာမှာ တည်ငြိမ်အေးချမ်းစွာ ဖြစ်ပေါ်တိုးတက်လာမယ် ဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်အတွက် ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ၊ အဆွေခင်ပွန်းကောင်းဟုတ်၊ မဟုတ် ဘာနဲ့တိုင်းမှာလဲ။ အဆွေခင်ပွန်းကောင်းဆိုတာ မိမိတို့ရဲ့ အခက်အခဲ အကျပ်အတည်းကာလမှာ ကူညီစောင့်ရှောက်သူသာလျှင် ဖြစ်တယ်လို့ ပညာရှိတို့က ဆိုပါတယ်။

မြန်မာနိုင်ငံအဖို့ ဒီကနေ့လို မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ထူထောင်နေချိန်တွင် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့ ဖိအားပေးနေမှုဟာ မြန်မာပြည်သူတို့အဖို့ အဆိပ်အတောက်သဖွယ်သာဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုတွေဟာ မြန်မာပြည်သူတွေအဖို့ အနှစ်သာရသဖွယ် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်များရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် အောင်မြင်မှုများဟာ နိုင်ငံတကာတွင် ခိုင်မြဲတိုးတက်နေသော မြန်မာ–တရုတ် ညီရင်းအစ်ကို ဆက်ဆံရေးကို ဖော်ပြနေတာဖြစ်တယ်ဆိုတာကို အထူးတလည်

မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါ နိုင်ငံများက လူသားချင်း စာနာတဲ့ အကူအညီ ဖြတ်တောက်ပြီး စီးပွားရေးပိတ်ဆို့ အရေးယူနေချိန်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံရဲ့ စာနာထောက်ထားမှုနဲ့ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို အထင်အရှား တွေ့နိုင်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ မြန်မာ ပြည်သူတွေအပေါ် ဆင်းရဲကျပ်တည်းစေသော လုပ်ရပ်နဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံရဲ့ မြန်မာပြည်သူတွေအပေါ် ဖွံ့ဖြိုးတိုးတက်စေလိုသော လုပ်ရပ်ကိုလဲ ကွဲပြားစွာ တွေ့နိုင်ပါတယ်။ မြန်မာပြည်သူ တွေအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ နိုင်ငံတွေရဲ့ ပူပြင်း လောင်မြိုက်စေတဲ့ အကျပ်ကိုင် ဖိအားပေးမှုနဲ့ မြန်မာပြည်သူတွေအပေါ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံရဲ့ အေးမြတဲ့ စာနာထောက်ထားမှုတွေဟာလဲ ကွဲပြားစေပါတယ်။

ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် တောင်ဥက္ကလာပ မီးသတ်ဇုန်နယ်မြေမှူး ဦးအောင်ဝင်းစိန်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဇူလိုင်၂၉ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) မီးသတ်စခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(က–ပ)

ဇူလိုင် ၂၉ရက်က မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် အမှတ် (၂) အခြေခံပညာ မူလတန်းကျောင်းတွင် ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပရာ ရွှေလှိုင်အေး သာသနာ့ရိပ်သာကျောင်း ဆရာတော် အရှင်ကေလာသအား ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းက ဝါဆိုသင်္ကန်း ကပ်လှူစဉ်။
(က–ပ)

လုံခြုံပြည့်ဝ စိတ်ချရေး မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး

နှစ်စဉ်ဩဂုတ်လ ပထမအပတ်ကို ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် (World Breastfeeding Week)ဟူ၍ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း ၁၂၀ ခန့်တွင် ကျင်းပလျက်ရှိသည်။

“မိခင်နို့ တိုက်ကျွေးရေး” ဟူသော စကားရပ်သည် မြန်မာလူမျိုးများအတွက် ထူးထူးဆန်းဆန်း မဟုတ်ပါ။ သို့ရာတွင် အခြေအနေ အရပ်ရပ်ကြောင့် မိခင်အချို့သည် မိခင်နို့အစား နို့ဘူးကို အချိန်နှင့်တိုက်သည့် အလေ့အထ ရှိခဲ့သည်။ ၎င်းအလေ့အထမှာ မမှန်ကန်ကြောင်း၊ ရင်သွေးငယ်အတွက် ကိုယ်ကျန်းမာ စိတ်ချမ်းသာမှုကို အဟန့်အတားဖြစ်စေကြောင်းကို သုတေသနတွေ့ရှိချက်များက သက်သေပြနေပါသည်။

စာရေးသူအနေဖြင့် ၁၉၉၄ခုနှစ်ခန့်က မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းသင်တန်းကို တက်ရောက်ခဲ့စဉ် ကမ္ဘာတစ်ဝန်းတွင် မိခင်နို့ စနစ်တကျတိုက်ကျွေးထားသော ကလေးအုပ်စုနှင့် နို့ဘူးတိုက်ကျွေးသော ကလေးအုပ်စုကို နှိုင်းယှဉ်သုတေသနပြုချက် စာတမ်းကို လေ့လာခဲ့ရပါသည်။ ထိုလေ့လာချက်အရ မိခင်နို့တိုက်ကျွေးထားသော ကလေးအုပ်စုက ပိုမို၍ ဉာဏ်ရည်ထက်မြက်ပြီး လိမ္မာရေးခြားရှိကြောင်း သိရှိခဲ့ရပါသည်။

မိခင်၊ ဖခင်၏ ကျေးဇူးမှာ အထူးဖော်ပြရန် မလိုသကဲ့သို့ **“သားတို့ရပ်ရည် သီတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း ငြိမ်းစတမ်းတည်း”** ဟူသောစကားအရ မိဘ၏ သားသမီးအပေါ်ထားသော မေတ္တာတရားမှာလည်း ဖော်ပြနိုင်စွမ်းမရှိအောင် ကြီးမားလှပေသည်။ နို့တိုက်ကျွေးချိန်တွင် မိခင်နှင့်ကလေးတို့ အပြန်အလှန် အပြုံးချင်းဖလှယ်သည့်အလှသည် မည်သည့်အလှနှင့်မျှ ယှဉ်မရသော အလှတစ်ပါးဖြစ်ကြောင်း မြင်ရသူတိုင်း လက်ခံရမည်မှာ မလွဲပါပေ။

မိခင်နှင့်ကလေး အပြန်အလှန်နားလည်မှုများ၊ မေတ္တာထားမှုများ၊ ဆက်နွယ်မှုများသည် မိခင်၏နို့ရည်မှတစ်ဆင့် ရင်သွေးငယ်ထံသို့ စိမ့်ဝင်သွားသည့်သဖွယ်ဖြစ်သည်။ ရင်သွေးငယ်၏ ခန္ဓာကိုယ်တည်ဆောက်မှုမှာလည်း မိခင်၏ အသွေးအသားများနှင့် တည်ဆောက်ထားခြင်းဖြစ်၍ ရင်သွေးငယ်အား ထွေးပိုက်၍ နို့ချိုတိုက်ကျွေးခြင်းသည် မိခင်နှင့်ရင်သွေးငယ်တို့၏ ချစ်ခြင်းမေတ္တာကို ခိုင်မြဲစေသော အကြောင်းတစ်ရပ်ဖြစ်သည်။

မိခင်နို့ စနစ်တကျတိုက်ကျွေးရေးဟူသည်မှာ ရင်သွေးငယ်အား မွေးဖွားပြီး နာရီဝက်အတွင်း တတ်နိုင်သမျှအစောဆုံး မိခင်နို့စတင်တိုက်ကျွေးရန်၊ ကလေးအသက် ၆လအရွယ်အထိ မိခင်နို့မှလွဲ၍ အခြားအစားအစာ၊ အရည် လုံးဝမတိုက်ကျွေးရေးအတွက် အကြံပေးရန်၊ ကလေးဆာတိုင်း အချိန်ကြာကြာ မိခင်နို့တိုက်ကျွေးခြင်းကို အားပေးရန်၊ ကလေးငယ်များကို ချိုလိမ်၊ နို့သီးခေါင်းအတု စို့စေ၍ နှစ်သိမ့်ခြင်းကို တားမြစ်ရန်၊ ကလေး အသက် ၆လကျော်လျှင် သင့်လျော်သောဖြည့်စွက်အစာ ကျွေးခြင်းကို မိခင်များအား လမ်းညွှန်ပေး၍ ကလေးအသက်၂နှစ်အထိ မိခင်နို့ ဆက်လက် တိုက်ကျွေးခြင်းကို အားပေးရန်၊

ဒေါက်တာ ဒေါ်တင်လင်းမြင့်

မိခင်နှင့်ကလေး ခေတ္တ ခွဲခွာရချိန်တွင် ညှစ်ထားသော မိခင်နို့ရည်ကို ဇွန်းဖြင့် တိုက်ကျွေးရန်၊ မိခင်နှင့်ကလေးငယ်ကို တစ်ခန်းတည်းအတူထားရှိရန် စသည်တို့ဖြစ်သည်။

အလုပ်လုပ်သော မိခင်များသည် အလုပ်မသွားခင် ရင်သွေးငယ်အတွက် သန့်ရှင်းသောခွက်ဖြင့် နို့ရည်ညှစ်ခဲ့ရန်ဖြစ်ပြီး ၎င်းနို့ရည်သည် သာမန်အပူချိန်တွင် ၆နာရီမှ ၈နာရီအထိ သန့်ရှင်းလတ်ဆတ်နေသည်။ ၎င်းညှစ်ထားသော နို့ရည်ကို ကလေးဆာတိုင်း ဇွန်းဖြင့် တိုက်ကျွေးပေးရန် ဖြစ်သည်။

ရင်သွေးငယ်အား မွေးပြီးနာရီဝက်အတွင်း နို့ဦးရည်ကို တိုက်ကျွေးခြင်းသည် ရောဂါကာကွယ်သော ပဋိဇီဝပစ္စည်းများ အများအပြား ပါဝင်သဖြင့် မွေးကင်းစ ကလေးငယ်အတွက် ပထမဦးဆုံးအကြိမ်ရရှိသော ရောဂါကာကွယ်ဆေးဖြစ်သည့်အပြင် အာဟာရ ပြည့်ဝလုံလောက်စေပါသည်။ ၎င်းရောဂါကာကွယ်သော သဘာဝဂုဏ်သတ္တိသည် မိခင်နို့တစ်မျိုးတည်းတွင်သာ ပါဝင်ရာ နို့ဦးရည်တွင် ရာခိုင်နှုန်းအများဆုံး ပါဝင်ပြီး နောက်ပိုင်းထွက်လာသော မိခင်နို့ရည်တွင်လည်း ပါဝင်သည်။

> ရင်သွေးငယ်အား မွေးပြီး နာရီဝက်အတွင်း နို့ဦးရည်ကို တိုက်ကျွေးခြင်းသည် ရောဂါကာကွယ်သော ပဋိဇီဝပစ္စည်းများ အများအပြားပါဝင်သဖြင့် မွေးကင်းစကလေးငယ်အတွက် ပထမဦးဆုံးအကြိမ်ရရှိသော ရောဂါကာကွယ်ဆေးဖြစ်သည့်အပြင် အာဟာရပြည့်ဝလုံလောက်စေသည်။ ၎င်းရောဂါကာကွယ်သော သဘာဝဂုဏ်သတ္တိသည် မိခင်နို့ တစ်မျိုးတည်းတွင်သာ ပါဝင်ရာ နို့ဦးရည်တွင် ရာခိုင်နှုန်း အများဆုံးပါဝင်သည်။

မိခင်၏နို့ရည်သည် ရင်သွေးငယ်အတွက် ကြီးထွားစေရန် အင်အားအပြည့်အဝပါရှိသည့်အပြင် အစာကြေလွယ်သော အစာအာဟာရ ဖြစ်သည်။ နို့မှုန့်၊ နို့ဘူး စို့ရသောကလေးများသည် နို့ဘူးကို ရေဆူအောင်မပြုတ်နိုင်၊ သန့်ရှင်းအောင် ဆေးကြောမှုမပြုနိုင်ပါက ရင်သွေးငယ်အား ရောဂါပိုးများ ဝင်ရောက်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေနိုင်သည်။

ကလေးငယ်သည် မိခင်နှင့်အတွေ့အထိများခြင်းနှင့် မိခင်၏ ရင်ခွင်တွင်း၌ မိခင်နို့စို့ရခြင်းကြောင့် စိတ်ဓာတ်လုံခြုံမှု ပိုမိုရရှိခြင်း၊ သံယောဇဉ်ပိုတွယ်ခြင်း စသည့်ကလေး၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေသည်။ ၎င်းအပြင် ခန္ဓာကိုယ်ကြီးထွားခြင်း နှေးကွေးမှု၊ ဉာဏ်ရည်နိမ့်ကျမှုကိုလည်း ကာကွယ်စေသည်။

မိခင်များအတွက်လည်း အကျိုးကျေးဇူး များစွာရရှိနိုင်သည်။ ကလေးငယ်အား မိခင်နို့ တစ်မျိုးတည်းကို နေ့/ည ကလေးဆာတိုင်း တိုက်ကျွေးခြင်းဖြင့် အတိုင်းအတာတစ်ခုအထိ ပဋိသန္ဓေရရှိမှုကို ကာကွယ်သဖြင့် သားဆက်ခြားခြင်းကို အထောက်အကူပြုသည်။ မိခင်နို့ကို ကလေးစို့သည့်အခါထွက်ရှိသော အောက်စီတိုစင်ဟော်မုန်းသည် မိခင်သားအိမ်ပုံမှန် အနေအထား ပြန်လည်ကျုံ့ဝင်မှုကို ဖြစ်စေသောကြောင့် မွေးဖွားပြီးစ သွေးသွန်ခြင်းမှ ကာကွယ်၍ မိခင်သေနှုန်းကျဆင်းရန် အကြောင်းတရား တစ်ခုလည်း ဖြစ်သည်။ အလွယ်တကူ အချိန်မရွေး အသင့်ရရှိနိုင်ခြင်း၊ အလုပ်သက်သာခြင်း၊ ခရီးသွားလာလျှင် နို့မှုန့်၊နို့ဘူးသယ်ရသော ကရိကထ မရှိခြင်းနှင့် ငွေကုန်သက်သာခြင်း အကျိုးကျေးဇူးများလည်း ရရှိနိုင်သည်။

မိခင်နို့တိုက်သော မိခင်များ၌ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာဖြစ်ပွားမှုနည်းပါးကြောင်းလည်း တွေ့ရှိရသည်။ နို့မှုန့်ဝယ်ရန် မလိုသဖြင့် ငွေကြေးချွေတာရာ ရောက်သည်။

ဤကဲ့သို့ အဘက်ဘက်က အကျိုးကျေးဇူး ရရှိသောကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် လက်အောက်ရှိ ဌာနအသီးသီးကလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့အစည်းများက လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးနှင့် ပြည်နယ်/တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီများ၊ မြို့နယ်အသင်းများကလည်းကောင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ရှိနေကြပါသည်။

အထူးသဖြင့် မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်သေနှုန်းကျဆင်းပြီး တစ်နှစ်အောက် ကလေးသေဆုံးမှုကျဆင်း၍ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်များ ရရှိနိုင်သည်။ သို့ပါ၍ မိခင်နို့တိုက်ခြင်းသည် ရင်သွေးငယ်များအတွက် အကျိုးကျေးဇူး များစွာရှိသလို အနာဂတ် မြန်မာနိုင်ငံတော်အတွက်နှင့် မိမိ မိသားစုအတွက်လည်း ကျန်းမာ၊ သန်စွမ်း၊ ဉာဏ်ရည်မြင့်သော မျိုးဆက်သစ်များ ပေါ်ထွန်းလာစေသဖြင့် **မိခင်နို့ (တစ်မျိုးတည်း)သာ** တိုက်ကျွေးရေးကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

တောင်ကြီးအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

တောင်ကြီးအသင်း (ရန်ကုန်)၏ (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်တွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ ၊အသက်(၇၅)နှစ်နှင့် အထက် အသင်းဝင်များ၏ မိဘ၊ ဘိုးဘွားများ ဩဂုတ် ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် အလှူငွေများကို အမှုဆောင်အဖွဲ့ ဖုန်း-၆၆၂၇၃၂၊ ၆၆၂၇၅၀၊ ၇၂၂၁၈၆၊ ၇၂၈၇၀၂ တို့သို့ ထည့်ဝင်လှူဒါန်းနိုင်ပြီး အသင်းသားမိသားစုများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

မှော်ဘီချမ်းမြေ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၃

မှော်ဘီမြို့ ချမ်းမြေ့ရိပ်သာကျောင်း၌ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလကွယ် (ဩဂုတ် ၁၅ ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင် အသီးသီးအား ဖိတ်ကြားထားကြောင်းနှင့် နံနက် ၇နာရီမှစ၍ အလှူရှင်များ ဆက်ကပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

(က-ပ)

ကန့်ဘလူအထက ဘင်ခရာသင်တန်းဆင်း ဝတ်စုံအတွက် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃

ရွှေဘိုခရိုင် ကန့်ဘလူမြို့ အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် ညနေ ၃ နာရီက ကန့်ဘလူမြို့ မြို့နယ် အားကစားကွင်း၌ ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ် အမ်အက်ဖ်အက်ဖ် ကုမ္ပဏီ ဥက္ကဋ္ဌ ဦးစိုးမြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမ်အက်ဖ်အက်ဖ် ကုမ္ပဏီ ဥက္ကဋ္ဌ ဦးစိုးမြင့်က ဘင်ခရာပစ္စည်း၊ ဝတ်စုံများအတွက် အလှူငွေကျပ် ၃၅၅၀၀၀ နှင့် နည်းပြဆရာများသို့အလှူငွေကျပ် ၅၀၀၀၀ တို့ကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ဝေက နည်းပြဆရာများသို့ အလှူငွေကျပ် ၃၅၀၀၀ ကို လည်းကောင်း ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်စကားပြောကြားသည်။

ဆက်လက်၍ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ၏ ကြီးကြပ်မှုဖြင့် အမ်အက်ဖ်အက်ဖ် ဖလားတိုက်နယ်ဘောလုံးပွဲ ကွင်းဖွင့်ပွဲ ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းအား ကန့်ဘလူမြို့ အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့ ဦးဆောင်၍ ပြိုင်ပွဲဝင်ဘောလုံးအသင်း ရှစ်သင်းတို့က ချီတက်အလေးပြုကြသည်။ ကွင်းဖွင့်ပွဲတွင် ကန့်ဘလူတိုက်နယ်(က)အသင်းနှင့် ပင့်သာတိုက်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကန့်ဘလူတိုက်နယ်(က) အသင်းက ရှစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် လင်းလွန်းလမ်း အမှတ် ၂၉/၃၁ နေ ဦးကျော်တင့်-ရွှေနှင်းဆီ ဒေါ်ကြည်ကြည် သားသမီးမြေးတစ်စုတို့က ရွှေနှင်းဆီဒေါ်ကြည်ကြည် (မိုးညှင်းယောဂီ)၏ (၈၁)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လှိုင်သာယာမိုးကုတ်ရိပ်သာခုနစ်ရက်စခန်းပွဲ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ မိုးကုတ်ဝိပဿနာတရားစခန်းနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၁၄၆)၏ ဝါတွင်းအထူးတရားစခန်းပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်မှ ဝါခေါင်လဆန်း ၂ ရက် (ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်) အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို အဖွဲ့ချုပ်ကြီး၏ နာယက ကံဘဲ့ဘူတာရုံလမ်း ဘုရားလေးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာဏအရှင်မြတ်က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများကြိုတင်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မြောင်းမြမြို့နယ် အသင်း (ရန်ကုန်)စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက်က ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီ ပိဋကတ်တိုက်ကျောင်း၌ ကျင်းပရာကျောင်းတိုက်ရှိ သံဃာတော်များနှင့် ပင့်သံဃာများအား အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်အနောက်ပိုင်း ခရိုင် ယာဉ်လိုင်း များ ထိန်းသိမ်းရေးကော်မတီ၏ ပဉ္စမ အကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို မရမ်းကုန်း မြို့ နယ် ဘုရင့်နောင် ရှိ အနောက် ပိုင်း ခရိုင် ယာဉ် လိုင်း (ရုံး ချုပ်) တွင် ဩဂုတ် ၁ ရက်က ကျင်း ပ ရာ ကြီးကြပ် ကွပ်ကဲမှုအဖွဲ့ဝင်ဦးခင်မောင်လေး၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမောင်စံနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (က-ပ)

နယ်စပ်စည်ပင် ညွန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(အရှေ့ပိုင်း)ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဩဂုတ် ၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်မှ ဌာနေညွှန်ကြားရေးမှူး Mr.Bim Udas လိုက်ပါ၍ ဇူလိုင် ၂၄ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မန်ပန်ကျေးရွာတွင် ကျင်းပသည့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဘိန်းမစိုက်တောင်သူများသို့ ဆန်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ဌာနေညွှန်ကြားရေးမှူး Mr. Bim Udas တို့က အမှာစကားပြောကြားကြပြီး ဆန်များကို ဒေသခံပြည်သူများအားပေးအပ်သည်။ ထို့နောက် ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကလည်း ကျောင်းသူ ကျောင်းသားများ အတွက် စာသင်ကျောင်းတွင် ဆန်များဖြန့်ဝေပေး သည်။

ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေနှင့် အဖွဲ့သည် ဇူလိုင်၂၆ရက် နံနက်ပိုင်းတွင် မိုင်းကာဒေသ ပန်ယန်း ရွာသစ်၊ ဝိန်းစွန်ရွာသစ်၊ ဝမ်ဖိုင်ရွာ သစ်များသို့ သွားရောက်ပြီး လယ်ယာ မြေ ဖော်ထုတ်ပြီးစီးမှု၊ ပညာရေး၊ ကျန်းမာရေးဆောင်ရွက်မှုများ ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့သည်။

ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် ဆက်လက်ထွက်ခွာခဲ့ရာ မိုင်းကာ၊ ဟိုကာပါနောက်ရွာသို့ နံနက် ၉နာရီတွင် ရောက်ရှိပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဘိန်းမစိုက်တောင်သူများအား ဆန်ထောက်ပံ့သည့် အခမ်း အနားသို့ တက်ရောက်ပြီး ဒေသခံဘိန်းမစိုက် တောင်သူများမှ သက်ကြီးရွယ်အိုများ၊ ကျောင်းသူကျောင်းသား များအား ဆန်များထောက်ပံ့ပေးခဲ့ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောင်းသားများအတွက် ကျောင်းဝတ်စုံ၊ စာအုပ်နှင့် စာရေး ကိရိယာများ ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

(နယ်စပ်/စည်ပင်)

ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၃

ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း(ရန်ကုန်)၏ (၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၄ရက်(စနေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်(စနေထောင့်)ရှိ ရခိုင်တန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

အမှတ် ၇၃၆၊ ဇောတိကလမ်း ၁၆/၁ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ခင်လှ မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက်၊ သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက်လှူဒါန်းရာ အလုပ်အမှုဆောင် ဦးစန်းမြင့်က လက်ခံယူစဉ်။ (က-ပ)

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်း မိုက်တိုင်ဆန် ဗြိတိန်သား ဝီလီယမ်၏ အလဲထိုးမှုကိုခံရပြီ

လူ့အက်စ်ဗယ်လီ(ကင်တာကီ) ဇူလိုင် ၃၁

ဗြိတိန်နိုင်ငံသား ဒန်နီဝီလီယမ်နှင့် ချန်ပီယံဟောင်း မိုက်တိုက်စန်တို့သည် သောကြာနေ့က အမေရိကန်နိုင်ငံ ကင်တာကီမြို့၌ ယှဉ်ပြိုင်ထိုးသတ်ကြရာ(ယာပုံ) **ဒန်နီဝီလီယမ်က ကမ္ဘာ့ချန်ပီယံဟောင်း မိုက်တိုင်စန်အား စတုတ္ထအချီ၌ အလဲထိုးလိုက်ခြင်းဖြင့် လက်ဝှေ့သမိုင်းတွင် အကြီးမားဆုံး တုန်လှုပ်မှုကြီးကို ဖြစ်စေခဲ့သည်။**



တိုင်စန်သည် အဖွင့်အချီတွင် ဝီလီယမ်အား စိုးမိုးထားနိုင်ခဲ့သော်လည်း ဝီလီယမ်သည် ကျွက်ကျွက်မည်သော ပြန်လည် ထိုးနှက်ချက်များနှင့်အတူ တိုက်ခိုက်ခဲ့သည်။ အသက် ၃၈ နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသား မိုက်တိုင်စန်သည် နွေးကွေးလာပြီး ထိန်း၍ထိုးနေရသည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဝီလီယမ်သည် ၂ မိနစ် ၅၁ စက္ကန့်တွင် တိုင်စန်အား ကြမ်းပြင်သို့လဲမကျမီ စတုတ္ထအချီတွင် အပြင်းအထန်ထိုးနှက်ခဲ့သည်။

ယိမ်းယိုင်သွားသော တိုင်စန်သည် သူ၏ခြေထောက်များကို ထိန်းမထားနိုင်တော့သဖြင့် ထိုးနှက်မှုကို ရပ်တန့်စေပြီး၊ ဒိုင်လူကြီး ရီဖရီးဒင်းနစ်အဲဖရက်က ဝီလီယမ်ကို သူ၏ထောင့်သို့ ဆွဲပို့လိုက် ရသည်။

မိမိသည် လက်ဝှေ့သူရဲကောင်း ဖြစ်သည်ကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း၊ သူကမိမိကို ပထမအချီ စက္ကန့်အနည်းငယ်ခန့်သာ ထိုးနိုင်ခဲ့ကြောင်း၊ ထို့နောက် မိမိက ပြန်လည်ထိုးနှက်နိုင်ခဲ့ကြောင်း ဝီလီယမ်က အမေရိကန် ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။

တိုင်စန်သည် ဤပွဲရှုံးနိမ့်သွားသဖြင့် သူ၏အနာဂတ်မျှော်လင့်ချက်များ မှေးမှိန်သွားသည်။ ၎င်းသည် ထိုပြိုင်ပွဲမတိုင်မီက သူ၏အကြွေးများ ရှင်းရန် နှစ်နှစ်အတွင်း ခုနစ်ပွဲထိုးရန် စီစဉ်ထားသည်။ သူ၏အနာဂတ်အစီအစဉ်တွင် လက်ဝှေ့လောကမှ အနားယူဖွယ်ရှိသည်ဟု နည်းပြဖရက်ဒိုင်းရိချ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျာမနီအသင်းနည်းပြနှင့် ဒုတိယနည်းပြခန့်အပ်

ဘာလင် ဇူလိုင် ၃၁

ဂျိုချင်းလျူးသည် ဂျာမနီဘောလုံးအသင်း၏ နည်းပြသစ် ဂျူယာဂျင်းကလင်းစမန်း၏ လက်ထောက်နည်းပြဖြစ်သွားပြီဖြစ်ကြောင်း ဂျာမနီဘောလုံးအဖွဲ့ချုပ်က သောကြာနေ့က ပြောကြားလိုက်သည်။ လျူးသည်အသက် ၄၄နှစ် ရှိပြီဖြစ်ပြီး ဗွီအက်ဖ်ဘီ စတက်ဂတ်အသင်း၏ နည်းပြဟောင်းဖြစ်သည်။ သူသည် ဂျာမနီတွင် ၂၀၀၆ ကမ္ဘာ့ဖလားနောက်ဆုံးပွဲစဉ်များ ပြီးဆုံးသည့်တိုင်အောင် စာချုပ်သဘောတူထားသည်။

အသက် ၄၀ ရှိ ဂျာမနီဘောလုံးအသင်း ကပ္ပတိန်ဟောင်း ကလင်းစမန်းအား ကြာသပတေးနေ့က ဂျာမနီအသင်းနည်းပြအဖြစ် တရားဝင် လွှဲပြောင်း ပေးလိုက်ပြီး ဖြစ်သည်။ ၎င်းသည် နည်းပြဟောင်း ရူဒီဘောင်လာ၏ နေရာတွင် ရောက်ရှိလာသူ ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

ကမ္ဘာကျော်ဘောလုံးသမားများ၏ အသင်းအပြောင်းအရွှေ့စာချုပ်များ

လစ္စဘွန်း ဇူလိုင် ၃၁

နော်ဝေတိုက်စစ်မှူး အဇာကာရာဒက်သည် ပေါ်တူဂီလိဂ်မှ ဘင်ဖီကာ အသင်းနှင့် လေးနှစ်စာချုပ်လိုက်ပြီဖြစ်ကြောင်း လစ္စဘွန်းကလပ်ဝက်ဘ်ဆိုက်က ပြောကြားသည်။

နော်ဝေအသင်းအတွက် ဖလားသုံးလုံးရအောင်ပါဝင်ကစားခဲ့သော အသက်၂၂နှစ်အရွယ်ရှိအဆိုပါဘောလုံးသမားများကို ဘင်ဖီကာအသင်းက ယူရိုတစ်သန်းခွဲဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဝက်စ်ဘရွန်းဝစ်ချ်အသင်းသည် အာဆင်နယ်တိုက်စစ်မှူး အင်န်ဝမ်ခိုကန္နူးအားရွှေ့ပြောင်းစရိတ်မပါဘဲ သောကြာနေ့က စာချုပ်လိုက်သည်။

အသက်၂၈နှစ်အရွယ်ရှိ ကန္နူးသည် ဆေးစစ်မှုနှင့်လူတွေ့စစ်ဆေးမှုများအပြီး သုံးနှစ်စာချုပ်ဖြင့်စာချုပ်လိုက်သည်။ ၎င်းသည်အင်တာမီလန်အသင်းမှ ပေါင်လေးသန်းခွဲဖြင့် အာဆင်နယ်သို့ ပြောင်းလာသည့် နိုင်ဂျီးရီးယားဘောလုံးသမားတစ်ဦးဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် အာဆင်နယ်အသင်းတွင် (၁၉၈)ကြိမ် ပါဝင်ကစားခဲ့ရာတွင် ၄၄ဂိုးသွင်းပေးခဲ့သူဖြစ်သည်။ နိုင်ဂျီးရီးယားအသင်းအတွက် (၃၉)ကြိမ်အနိုင်ရရှိအောင်ပါဝင်ကစားခဲ့ပြီး ဝက်စ်ဘရွန်းဝစ်ချ်နှင့် ဆဋ္ဌမမြောက် စာချုပ်သည့်အသင်းဖြစ်သည်။

ဘရာဇီးကွင်းလယ်ကစားသမား အဲဗာဆွန်သည် ပြင်သစ်နိုက်စ်အသင်းမှ ဘင်ဖီကာအသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်းလိဂ်ဝမ်ကလပ်အသင်းက သောကြာနေ့ကပြောကြားသည်။

အဲဗာဆွန်၏နေရာတွင် အသက် ၂၆နှစ်အရွယ်ရှိ ပြင်သစ်အိုလံပစ်မာဆဲလ်အသင်း၌ ကစားနေသော အဂါလီအား နိုက်စ်အသင်းတွင်အစားထိုးလိုက်သည်။

တော့တင်ဟမ်အသင်းသည်ဆွီဒင်နောက်တန်းလူ အဲရစ်အက်မန်အား စာချုပ်လိုက်ပြီဖြစ်ကြောင်း၊ ၎င်းသည် ဒတ်ချ်ကလပ်အသင်းဖြစ်သော အက်ဖ်စီဟီယာရင်ဗန်းမှ ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း ပရီမီယာလိဂ်ကလပ်ကယင်း၏ဝက်ဘ်ဆိုက်၌ သောကြာနေ့က ပြောကြားသည်။

အသက် ၂၅နှစ်အရွယ်ရှိအဆိုပါဘောလုံးသမားသည် ၁၉၉၈ခုနှစ်က ဟယ်ဆင်ဘော့ဂျ်၌ ပါဝင်ကစားခဲ့ပြီးနောက် ဟီယာရင်ဗန်းအသင်းသို့ ၂၀၀၁ခုနှစ် ဩဂုတ်လက ပြောင်းရွှေ့လာခြင်းဖြစ်သည်။

ဆားဘီးယားနောက်တန်းလူ မီလီဘော့ဗီတာကစ်သည် စတားဘဲဂရိတ်အသင်းမှ လီလီအသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ပြင်သစ်လိဂ်ဝမ်းကလပ်ကသောကြာနေ့ကပြောကြားသည်။

အသက်၂၇နှစ်ရှိ ဗီတာကစ်သည် ရက်စ်တား၌ ငါးနှစ်ဆက်တိုက်ကစားခဲ့သူဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာတစ်လွှား အားကစား

● ကျောဖုံးမှ

ချစ်ကြည်ရေးခြေစမ်းပွဲ မစတင်မီ နံနက်ပိုင်းတည်းက မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် နှစ်သင်းစလုံး ဘောလုံးပေးရာ၌ လိုရာမရောက်ဘဲ ဖြစ်နေသည်။ ပဏာမမြန်မာ့လက်ရွေးစင်အသင်းသည် ပွဲစပြီး ၁၅ မိနစ်နောက်ပိုင်းတွင် အချိတ်အဆက်မိလာပြီး မိုဟမ်ဘာဂမ် ကွင်းတစ်ဝက်ကို ဖိကစားထားနိုင်ခဲ့သည်။ ပွဲချိန် ၁၅ မိနစ်တွင် မိုဟမ်ဘာဂမ် ဂိုးရှေ့သို့ ဖြတ်ချိုးပေးသော ဘောလုံးကို တိုက်စစ်မှူး ထွန်းမင်းဦး ခေါင်းတိုက်သွင်းရာ ဂိုးသမား ဖမ်းမိသွားသည်။

မိုဟမ်ဘာဂမ်အသင်းကလည်း ကွင်းအခြေအနေအပေါ် မူတည်၍ အမြင့်ဘောများဖြင့် ဘယ်ညာတောင်ပံများသို့ ဘောလုံးများဖြန့်ကာ တန်ပြန်တိုက်စစ်ဆင် ကစားခဲ့သည်။ ပွဲချိန် ၁၇မိနစ်တွင် မိုဟမ်ဘာဂမ်အသင်း၏ ပယ်နယ်တီဧရိယာအစပ်၌ ပြစ်ဒဏ်ဘောရရှိရာ နောက်တန်းလူ အောင်ဇော်မျိုးကန်သွင်းသော်လည်း လူတံတိုင်းနှင့် ထိပြီးထွက်သွားသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် မိုးစဲသွားသဖြင့် ဘောလုံးအပေးအယူလုပ်ရာတွင် ထိထိမိမိ ရှိလာသည်။ နှစ်သင်းစလုံးလျှင် လျှင် မြန်မြန်ကစားလာနိုင်၍ ပွဲမှာ ပို၍ အကြိတ်အနယ် ရှိလာသည်။ ပဏာမမြန်မာ့လက်ရွေးစင်အသင်းအတွက် ဒုတိယဂိုးကို အချိတ်အဆက် မိမိဖြင့် ထိုးဖောက်ကစားလာရင်း ပွဲချိန် ၅၁မိနစ်တွင် အသင်းခေါင်းဆောင် စိုးမြတ်မင်းက ကန်သွင်းယူသည်။

မိုဟမ်ဘာဂမ်အသင်းကလည်း အရှုံးဂိုး ချေပနိုင်ရေးအတွက် ပြန်လည်ထိုးဖောက်ကစားလာရာ ဂိုးရနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သည်။ ပွဲချိန် ၅၅ မိနစ်တွင် မိုဟမ်ဘာဂမ်အသင်း တန်ပြန် တိုက်စစ်ဖြင့် ထိုးဖောက်ကစားလာရင်း ကွင်းလယ်မှ အမြောက်တင်ပို့ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူးက ဆွဲယူသွားပြီး ကန်သွင်းရာ အောင်အောင်ဦး ပုတ်ထုတ်ကာကွယ်လိုက်ရသည်။ နောက်တန်းလူက ဘောလုံးကို အချိန်မီ ရှင်းထုတ်နိုင်ခဲ့သော်လည်း ဂိုးတိုင်ဘေးမှမဆိုသလောက် ကပ်ထွက်သွား၍ မြန်မာပရိသတ်များ ရင်ထိတ်ခဲ့ကြရသည်။

တွေ့ဆုံမေးမြန်း

ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ အပြီးတွင် နှစ်ဖက်အသင်းမှ တာဝန်ရှိသူများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ရှေးဦးစွာ ပဏာမမြန်မာ့လက်ရွေးစင်အသင်းမှ အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်အား ခြေစမ်းပွဲအပေါ် ထင်မြင်ချက်ကို မေးမြန်းရာ "ယနေ့ပွဲသည် ပွဲကောင်းတစ်ပွဲဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာအသင်းမှ ကစားသမားများ ကြံ့ခိုင်မှုအပိုင်းများစွာ ကောင်းမွန်လာကြောင်း၊ အလယ်တန်းလူများ တည်ငြိမ်မှုအပိုင်းအားနည်းချက်အချို့ရှိသော်လည်း နောက်တန်းအား ကောင်းမွန်ကြောင်း၊ မိုဟမ်ဘာဂမ်အသင်းသည် အနိုင်ရရေးအတွက် အင်တိုက်အားတိုက် ကစားသော်လည်း အဆုံးသတ်ဂိုးသွင်းယူမှုအပိုင်း အားနည်းကြောင်း၊ ကွင်းလယ်မှ ဘယ်ညာတောင်ပံများသို့ ဖြန့်ဝေကစားပုံ ကောင်းကြောင်း၊ တစ်ဖက်အသင်းမှဂိုးသွင်းမသေချာ၍ ဖျက်ရတာလွယ်ကူကြောင်း၊ မိမိတို့ကစားသမားများအနေဖြင့် ယခုထက်တည်တည်ငြိမ်ငြိမ်ကစားနိုင်လျှင် ဂိုးပိုရနိုင်ကြောင်း၊ ဘောလုံးပိုင်ဆိုင်ထားချိန်၌ ထိန်းထားသင့်သည့် နေရာများ၌ မထိန်းဘဲ ခပ်မြန်မြန်လွှတ်နေကြောင်း၊ အဆိုပါအချက်ကို ပြန်လည် ထိန်းသိမ်းပြုပြင်ကစားသွားလျှင် ပိုကောင်းလာမည်ဖြစ်ကြောင်း၊ လူစားများများလဲကစားနိုင်ခဲ့၍ များစွာ အကျိုးရှိပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံမှ မိုဟမ်ဘာဂမ် ဘောလုံးအသင်း၏ အဖွဲ့ ခေါင်းဆောင် Mr. Om Jhunjhunwata အား ခြေစမ်းပွဲအပေါ် ထင်မြင်ချက် မေးမြန်းရာ "မိမိတို့အသင်းကစားပုံ အလွန် အားနည်းခဲ့ကြောင်း၊ ယခင်ကစားအားမျိုး မရခဲ့ကြောင်း၊အမာခံကစားသမားအချို့ မပါဝင်နိုင်၍ အားနည်းခဲ့ရကြောင်း၊ ယခုရလဒ်အပေါ် စိတ်မကောင်းဖြစ်မိကြောင်း၊ မြန်မာအသင်းကစားပုံ ကောင်းမွန်ပါကြောင်း၊ မိမိအသင်း ဂိုးသွင်းခွင့်များရသော်လည်း ဂိုးမရခဲ့၍ ဂိုးပြတ်သွင်းခံခဲ့ရခြင်း ဖြစ်ကြောင်း၊ နောက်ပွဲစဉ်များ၌ အနိုင်ရရှိရေး အကောင်းဆုံး ကြိုးစားကစားသွားမည် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

သူတို့ပါဝင်

ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** မင်းသူ၊ မိုးကျော်သူ၊ စိုးမြတ်မင်း၊ အောင်ဇော်မျိုး(စိုးလင်းထွန်း)၊ **(အလယ်တန်း)** အောင်ကျော်မိုး(၁)၊ ဇော်ဇော်(မျိုးမင်းထွန်း)၊စန်းမောင်(ဘိုဘိုအောင်)၊ မာလ(ကျော်ဇင်ဝင်း)၊**(ရှေ့တန်း)**ရန်ပိုင်နှင့် ထွန်းမင်းဦး(ဇော်ထိုက်)တို့ ပါဝင်ကစားခဲ့ကြသည်။ ။**(မြန်မာ့အလင်း)**

မြန်မာအသင်းမှ တိုက်စစ်မှူး ရန်ပိုင် မိုဟမ်ဘာဂမ်အသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။ (မြန်မာ့အလင်း)

ဦးဆောင်ဂိုး

ပဏာမမြန်မာ့လက်ရွေးစင်အသင်းသည် တစ်သင်းလုံးတက်၊ တစ်သင်းလုံး ဆင်းကစားပြီး အချိတ်အဆက် မိမိ တွဲလုံးများဖြင့် ထိုးဖောက်နေ၍ မိုဟမ်ဘာဂမ်အသင်း နောက်တန်းလူများ အလူးအလဲဖျက်ထုတ်နေရသည်။ ပဏာမမြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် ကွင်းလယ်မှ ထိုးပေးလိုက်သည့် ဘောလုံးကို မာလက နောက်တန်းလူ သုံးဦးအားကျော်ဖြတ်ဆွဲပြေးပြီး ကန်သွင်းရာ ဂိုးသမားပုတ် ထုတ်၍ ပြန်ထွက်လာစဉ် တိုက်စစ်မှူး ထွန်းမင်းဦးက ပြေးဝင်ပိတ်သွင်းယူသည်။

ပြန်လည်ထိုးဖောက်

အိန္ဒိယမှ မိုဟမ်ဘာဂမ်ဘောလုံးအသင်းသည်ဂိုးသွင်းခံလိုက်ရပြီးနောက် ကစားအား ပြန်လည်မြှင့်တင်ကာ ပြန်လည်ထိုးဖောက်ကစားလာသည်။ ကစားသမားသုံးဦးကို လူစားလဲကစား၍ မိုဟမ်ဘာဂမ်အသင်း တိုက်စစ်အားမြင့်တက်လာပြီး မြန်မာအသင်းကွင်းတစ်ဝက်ကို ဖိကစားထားနိုင်သည်။ ပွဲချိန်မိနစ်၃၀တွင် မိုဟမ်ဘာဂမ် ညာကြောမှ ထိုးဖောက်လာရင်း မြန်မာဂိုးရှေ့သို့ ဖြတ်ချိုးပေးရာ ပြေးဝင်ခေါင်းတိုက်မည့်သူမရှိ၍ တစ်ဂိုးနစ်နာသွားခဲ့ရသည်။ မြန်မာအသင်းသည် တစ်ဦးနှင့်တစ်ဦး အချိတ်အဆက်မိမိဖြင့် နေရာစုံ၌ ဟာကွက်မရှိအောင် ကစားနိုင်ခဲ့သည်။ တစ်ဦးကောင်းမကစားဘဲ အုပ်စုဖွဲ့၍ ထိုးဖောက်ကစားသဖြင့် မိုဟမ်ဘာဂမ်အသင်း ထင်တိုင်းမပေါက်ဘဲဖြစ်နေသည်။

နှစ်ဂိုးထပ်သွင်း

အိန္ဒိယမှ မိုဟမ်ဘာဂမ်အသင်းသည် ဒုတိယပိုင်း ပွဲချိန်မိနစ် ၃၀ နောက်ပိုင်း၌ကစားအားကျဆင်းသွားရာ မြန်မာအသင်းက အဆက်မပြတ်ဆိုသလို ထိုးဖောက်ကစားပြီး နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၇၂မိနစ်တွင် မိုဟမ်ဘာဂမ်အသင်း၏ ပယ်နယ်တီ ဧရိယာအစပ်တွင် ရရှိသော အလွတ်တည်ကန်ဘောကို တိုက်ရိုက် ကန်သွင်းရာ ဂိုးသမားဖမ်းသော်လည်း ပြန်အန်ထွက်လာစဉ် တိုက်စစ်မှူးရန်ပိုင်က ပြေးဝင်ပိတ်သွင်းယူခဲ့သည်။

မြန်မာအသင်းက တတိယဂိုးသွင်းယူပြီး မကြာမီ မိုဟမ်ဘာဂမ်အသင်းက ချေပဂိုးရရှိရေးတင်ကစားလာရင်း တစ်ဂိုးရနိုင်သည့်အခွင့်အရေးပေါ်လာခဲ့သည်။ မိုဟမ်ဘာဂမ်အသင်းမှ တိုက်စစ်မှူးက ဂိုးသမားအောင်အောင်ဦးနှင့်တစ်ဦးချင်းရင်ဆိုင်တွေ့ပြီး ကန်သွင်းရာ အောင်အောင်ဦး အစွမ်းပြကာကွယ်နိုင်၍ ချေပဂိုးတစ်ဂိုးပင်မရဘဲဖြစ်ခဲ့သည်။

မြန်မာအသင်းအတွက်စတုတ္ထဂိုးကို ဒုတိယပိုင်း၌လူစားဝင်လာသူ ကျော်ဇင်ဝင်းကပွဲချိန်မိနစ် ၉၀ တွင် ပိတ်သွင်းယူသည်။ မြန်မာအသင်း စတုတ္ထဂိုးသွင်းယူပြီး မကြာမီ ပွဲပြီးသွားရာ ပဏာမမြန်မာ့လက်ရွေးစင်အသင်းက လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အောင်ပွဲရဂျူဒိုအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

အားကစားဝန်ကြီးနှင့်တာဝန်ရှိသူများ သောင်းသောင်းဖြဖြကြိုဆို

သတင်း၊ဆောင်းပါး–သိန်းဝင်းလေး၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၃

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပပြီးစီးသွားသည့် (၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဂျူဒိုပြိုင်ပွဲတွင် ရွှေ(၃)ခု၊ ငွေ(၂)ခု၊ ကြေး(၁)ခုရပြီး နိုင်ငံအလိုက် ဒုတိယနှင့် (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အာရှဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲတွင် ရွှေ(၁)ခု၊ ငွေ(၃)ခုနှင့် ကြေး(၁)ခု နိုင်ငံအလိုက် တတိယယူခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ်(၄)ခု၊ ငွေတံဆိပ်(၅)ခု၊ ကြေးတံဆိပ်(၂)ခုရ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အမှုဆောင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးစောရွှေ ခေါင်းဆောင်သည့် အောင်ပွဲရမြန်မာဂျူဒိုအားကစားအဖွဲ့သည် ယနေ့နံနက်က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီနှင့် ဦးဆောင်နာယကများ၊ အမှုဆောင်များ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူ၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ထွေးဦးနှင့်အမှုဆောင်များ၊နည်းပြများ၊ ဒိုင်လူကြီးများနှင့် ဂျူဒိုအားကစားမောင်မယ်များက အိုးစည်ဒိုးပတ် အကအခုန်များဖြင့် သောင်းသောင်းဖြဖြကြိုဆိုကြသည်။

အောင်ပွဲရ ဂျူဒိုအသင်း ပြိုင်ပွဲအတွေ့အကြုံများကို မြန်မာ့အလင်းက အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး စောရွှေနှင့် နည်းပြဗိုလ်ကြီးသန်းမောင်တို့ကို တွေ့ဆုံမေးမြန်းကြည့်သည်။

အဖွဲ့ခေါင်းဆောင်ဒုတိယဗိုလ်မှူးကြီး စောရွှေက "ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပသည့် ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် ဇူလိုင် ၂၃ရက်က မိမိနှင့် ပြိုင်ပွဲဝင် အားကစားအဖွဲ့အား အားကစားဝန်ကြီးက အားကစားသမားများ အောင်မြင်မှု ရရှိအောင်ကြိုးစားဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ရန်၊ ကြံ့ခိုင်သည့် စိတ်ဓာတ်ထားရှိပြီး ပြိုင်ဘက်အား အနိုင်ရရှိအောင် ကြိုးစားရန်၊ ပြိုင်ဘက်ကို အလေးထားပြီး အနိုင်ရရှိအောင် ကြိုးစားဆောင်ရွက်ရန် ယခုလို နိုင်ငံတကာပြိုင်ပွဲများ မိမိတို့စေလွှတ် ယှဉ်ပြိုင်ရခြင်းမှာ မိမိနိုင်ငံ ဂုဏ်ကိုဆောင်နိုင်ရန် ပြိုင်ပွဲမှ အမိနိုင်ငံအတွက် ရွှေတံဆိပ်ရယူရန် မှာကြားခဲ့ကြောင်း။

မိမိတို့အဖွဲ့ ဝန်ကြီးမှာကြားသည့်အတိုင်း ယှဉ်ပြိုင်ခဲ့ကြောင်း၊ (၈)ကြိမ်မြောက် အရှေ့တောင် အာရှဂျူဒိုပြိုင်ပွဲတွင် နိုင်ငံပေါင်းခြောက်နိုင်ငံမှ အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြရာ နိုင်ငံအလိုက် ပထမနေရာကို ဝိတ်တန်း၁၄ တန်း တန်းပြည့် ပါဝင်ယှဉ်ပြိုင်သွားသည့် ဗီယက်နမ်နိုင်ငံက ရွှေတံဆိပ်(၁၀)ခု၊ ငွေတံဆိပ်(၄)ခု၊ ကြေးတံဆိပ်(၁)ခုဖြင့် ပထမရရှိသွားပြီး မိမိတို့မြန်မာဂျူဒိုအဖွဲ့က ရွှေတံဆိပ်(၃)ခု၊ ငွေ တံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၁)ခုဖြင့် ဒုတိယရရှိကာ ထိုင်းက ရွှေတံဆိပ်(၂)ခု၊ ငွေတံဆိပ်(၇)ခု၊ ကြေး(၆)ခုဖြင့် တတိယရရှိကြောင်း၊ (၄)ကြိမ်မြောက် အာရှဂျူဒိုပြိုင်ပွဲတွင် နိုင်ငံ ၁၀နိုင်ငံနှင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံက လေးသင်း စုစုပေါင်း ၁၄သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ မိမိတို့အနုတ်–၄၅ ကီလိုတန်းပြိုင်ပွဲတွင် နွယ်နွယ်သန်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဂျပန်နှင့် စတင်ယှဉ်ပြိုင်ရပြီး ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ကြောင်း၊ ဗိုလ်လုပွဲတွင် အိမ်ရှင်ဗီယက်နမ်ကို အပြတ်အသတ်ဖြင့် နွယ်နွယ်သန်း အနိုင်ယူ၍ ရွှေတံဆိပ်ရယူခဲ့ကြောင်း၊ အာရှတွင် မိမိတို့မြန်မာဂျူဒိုအဖွဲ့ ပထမဦးဆုံး ရွှေတံဆိပ်ကို ရယူပေးနိုင်၍ဂုဏ်ယူကြောင်း။

အမိနိုင်ငံအတွက် အာရှအဆင့်ပြိုင်ပွဲမှ ပထမဦးဆုံး ရွှေတံဆိပ်နှင့် အမိနိုင်ငံအတွက် ရွှေတံဆိပ်နှစ်ခုရရှိအောင် စွမ်းဆောင်ပေးသူ နွယ်နွယ်သန်း။ (ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

(၄)ကြိမ်မြောက် အာရှ ဂျူဒိုဖိတ်ခေါ် ပြိုင်ပွဲတွင် ဂျူဒို ထိပ်သီးစာရင်းဝင်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံက ဝိတ်တန်းပြည့် ပါဝင်ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်(၉)ခု၊ ကြေးတံဆိပ်(၄) ခုဖြင့် နိုင်ငံအလိုက် ပထမရရှိပြီး၊ ဂျပန်နိုင်ငံနည်းတူဝိတ် တန်းပြည့်ပါဝင်ယှဉ်ပြိုင်သွားသည့် ကိုရီးယားနိုင်ငံက ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ် (၄)ဖြင့်ဒုတိယရရှိကာ မြန်မာနိုင်ငံက အိမ်ရှင်ဗီယက်နမ်ကို ကျော်ဖြတ်၍ ရွှေတံဆိပ်(၁)ခု၊ငွေတံဆိပ်(၃)ခု၊ ကြေးတံဆိပ်(၁)ခုဖြင့် တတိယရရှိကြောင်း" စသည်ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်သည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ နိုင်ငံတကာဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲနှင့် ယခုပြိုင်ပွဲအပါအဝင် ရွှေတံဆိပ်(၃၁)ခု၊ ငွေတံဆိပ်(၆၂)ခုနှင့် ကြေးတံဆိပ်(၇၅)ခု စုစုပေါင်းဆုတံဆိပ်(၁၆၈)ခု ရယူပေးပြီး နိုင်ငံတော်၏ အားကစားဂုဏ်ကို ဂျူဒိုအားကစား နည်းဖြင့် မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အာရှဖလားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ယှဉ်ပြိုင်

အိမ်ရှင်တရုတ်နှင့်ဂျပန်အသင်း ဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၃

၂၀၀၄ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ယနေ့ညနေပိုင်းတွင်ကျင်းပရာ ဂျပန်အသင်းက ဘာရိန်းအသင်းကို လေးဂိုး–သုံးဂိုးဖြင့်ဖြင့်လည်းကောင်း၊ အိမ်ရှင်တရုတ်အသင်းက အီရန်အသင်းကို ငါးဂိုး–လေးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အိမ်ရှင်တရုတ်အသင်းက အီရန်အသင်းကိုအနိုင်ရရှိသောပွဲစဉ်တွင် တစ်ဂိုးစီသရေပွဲ ဖြစ်နေ၍ ပယ်နယ်တီ ငါးလုံးစီကန်သွင်းရာတွင် တရုတ်အသင်းက လေးဂိုးဝင်ပြီး အီရန်အသင်းက သုံးဂိုးသာဝင်သဖြင့် တရုတ်အသင်းက စုစုပေါင်း ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ဦးဆောင်ဂိုးသွင်းယူ

ပဏာမမြန်မာ့လက် ရွေး စင် အသင်းအတွက် ပထမဂိုးကို တိုက်စစ်မှူး ထွန်းမင်းဦးက ကန်သွင်းယူခဲ့ရာ မိုဟမ်ဘာဂမ်ဂိုးအတွင်းသို့ ဤသို့ ဂိုးဝင်သွားခဲ့သည်။ (မြန်မာ့အလင်း)

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေးရွှေစာရံဂေါက်ကွင်းတွင် ဩဂုတ် ၁၂ရက်မှ ၁၅ရက်အထိကျင်းပမည်

MYANMAR GOLF TOUR

ရန်ကုန် ဩဂုတ် ၃

Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ်၁၂ရက်မှ ၁၅ရက်အထိ Shwesaryan Golf Resort၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပွဲဦးထွက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Professional Golfers များနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသား အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများအတွက် Handicapသုညမှ ၁၂ချက်အထိရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အသက်(၁၈)နှစ် မပြည့်သူများ ယှဉ်ပြိုင်ခွင့်မရှိကြောင်းသိရသည်။

လက်ရည်စစ်ပြိုင်ပွဲ

ယင်းပြိုင်ပွဲမစတင်မီ Pro အဆင့်သို့ ကူးပြောင်းလိုသော အမျိုးသား အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများ အနေဖြင့် Handicap (0-9) အဆင့်ရှိသော ဂေါက်သီးရိုက်အားကစားသမားအတွက် လက်ရည်စစ်ပြိုင်ပွဲ (Q-School) ကို ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်များ၌ နံနက် ၇နာရီတွင် မန္တလေး ရွှေစာရံဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

စီစဉ်ထား

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်ဂေါက်သီးရိုက်အားကစားသမားများအတွက်မော်တော်ယာဉ် စီစဉ်ထားပြီးဖြစ်၍ ရန်ကုန်-မန္တလေးသို့ လိုက်ပါကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည်ဩဂုတ်၅ရက်မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ Han Event Management ရုံးဖုန်း- ၅၄၂၈၇၉၊ ၇၂၃၂၂၁တို့သို့အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး မန္တလေးမှ ရွှေစာရံဂေါက်ကွင်းသို့လည်း မော်တော်ယာဉ် ကြိုပို့များ စီစဉ်ထားရှိသည်။

မန္တလေးမြို့ Shwesaryan Open Golf Championshipဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Professional Golfers များနှင့်အပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများသည် ဩဂုတ်၁၀ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ Shwesaryan Golf Resort သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားကူးသန်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာ ပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ/ရသဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည့်စီးပွားကူးသန်းဂျာနယ်အတွဲ (၄)၊ အမှတ် (၁၄)ကို အမှတ် (၃၈) လမ်း၃၀ ပန်းဘဲတန်း မြို့နယ် ရန်ကုန် စီးပွားကူးသန်းဂျာနယ်တိုက်က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဗိုလ်မှူးကြီးမျိုးတင့်၏သမီး အထက(၁) ဒဂုံ စတုတ္ထတန်း(B)မှ မမျိုးသဥ္ဇာအောင်အား ယနေ့မှ စ၍ မကျော့ကေခိုင်ဟုပြောင်းလဲခေါ်ပါရန်။

မကျော့ကေခိုင်။

NEW MOTION TRAVELS CO., LTD.
Air Bag, Aircon Bus, International Hotel, Restaurant, Medical Care, Guide Service
Aug ; 12 , 26 Sep ; 9 , 23
The Hotel @ Tharabar Gate
Ph : 725 799, 537 024
The Hotel @ Tharabar Gate
Bagan, Myanmar



ပတ္တမြားရတု မင်္ဂလာဆုတောင်း

ချစ်သော ဖေဖေ ဦးညွှန့်လှိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ လဝက၊ ငြိမ်း)နှင့် ချစ်သော မေမေ ဒေါ်နီနီတို့၏ ၄-၈-၂၀၀၄ရက်တွင် ကျရောက်သော ပတ္တမြားရတုမင်္ဂလာရက်မြတ်မှသည် မင်္ဂလာနှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာသော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်သားသမီးများ

မစန္ဒာလှိုင်-မောင်ကျော်ကျော်တိုး၊
သူဇာလှိုင်၊ မြင့်မြင့်သန်းလှိုင်၊ အေးမော်လှိုင်၊ သူရလှိုင်၊
သက်မော်လှိုင်။

ချစ်မြေးလေး

ဖိုးသား(ခ)ကျော်ဝေယံလင်း။

AZADA (VCD)ဈေးဝယ်လမ်းညွှန်
VCD
DVD,VCD

အမှတ်၅၊ ၁၁၉လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်ဟုခေါ်တွင်သော မြေ၊ အဆောက်အအုံအကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍သက်ဆိုင်သူများနှင့် အများသိစေရန်

မြေတိုင်းအခေါ်အားဖြင့် သိမ်ဖြူတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁(အို)၊ မြေကွက် အမှတ် ၄၇၈၊ အတိုင်းအတာခန့်မှန်း(၃၈.၆ X ၃၀)ပေရှိမြေနှင့် အမှတ်၅၊ ၁၁၉လမ်းဟု ခေါ်တွင်သော နှစ်ထပ်အဆောက်အအုံအပါအဝင် မြေပေါ်ရှိအရပ်ရပ်အကျိုးခံစားခွင့်အားလုံးကို မြေဂရန်အပါအဝင် အစဉ်အဆက် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ လက်ရှိနေထိုင်ပိုင်ဆိုင်မှုစသည့် အခွင့်အရေးရှိသူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသည်။ ယင်းမြေ၊ အိမ်အကျိုးခံစားခွင့်နှင့် စပ်လျဉ်း၍ မှတ်ပုံတင် အရောင်းအဝယ်အရ အမည်ပါဝင်သူ(ဒေါ်ရဟီမာဘီ-အဖဦးအာမက်၊ အမ်တီအင်န်တီ-၀၀၀၀၄၅၊ ယူစီစီ-၂၃၆၆/၇၂ ကွယ်လွန်)၏ ပိုင်ရေးဆိုင်ခွင့်ကို ဆက်ခံပိုင်ဆိုင်ကြောင်းတင်ပြ၊ ကန့်ကွက်၊အရေးဆိုလိုသူများ အပါအဝင် ယင်းအိမ်၊ မြေအကျိုးခံစားခွင့် အရပ်ရပ်နှင့်စပ်လျဉ်း၍ အခွင့်အရေးရှိကြောင်း ကန့်ကွက်၊ တားမြစ်၊ တောင်းဆိုလိုသူမှန်သမျှသည် ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်မာလုံလောက်သောအထောက်အထားများနှင့်တကွ ကိုယ်တိုင်တင်ပြကန့်ကွက်ရန်ဖြစ်ပါသည်။ ထိုရက်ကျော်လွန်က အရောင်းအဝယ်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ငြိမ်း — **ဒေါ်ခင်မေသန်း**
B.A(Law), LL.B, D.B.L, D.M.L
LL.B,D.B.L,D.M.L

တရားရုံးချုပ်ရှေ့နေများ

အမှတ်၅၊ အခန်း၇၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၀၁၅၃၁၆။

UD GROUP
CAR & GENSET FACTORY

Auto Governor
Over Load Protector
Silent Type
ATS (Auto Transfer System)
RSS (Remote Starter System)
Yangon Sales & Service Centre ☎01 - 663209, 706575
Mandalay Sales & Service Centre ☎09 - 90 60314
Factory & Sales Centre ☎02 - 53233, 53234, 54233, 54234, 54714
Sales&Service
Factory
အမှတ် - ၁၄ ၊ ပါရမီလမ်း နှင့် အင်းစိန်မီးပွိုင့်လမ်းထောင့်
၁၆ ရပ်ကွက် ၊ လှိုင်မြို့နယ် ၊ ရန်ကုန်မြို့။

DECENT CompuTronics
Computer System
Sales, Services & Training
Office Application & System Administration Course
MS-WORD, Excel, Power Point, A+ Hardware, Software & Hardware installation, Troubleshooting, using E-mail & Internet, Network (Workgroup)
Ph 541752

ပုစွန်မွေးမြူရေးကန်များအတွက်
Ph 01-578550
01-247084

THREE FRIENDS CO., LTD
CONSTRUCTION & DECORATION
Modern Furniture
Wall Covering
(PAE, Supervision)
44A (1)
Ph : 01-201121, 294864

ကျွန်တော်တို့ ကျွန်မတို့
JADE GARDEN
လျှာလည်သွားလို့ စားရင်းစားရင်း မထနိုင်အောင်ဖြစ်ရတာ
ဟောင်ကောင်စားဖိုမှူးကြီး (၅)ဦးလက်ရာပါ။
သာယာလှပတဲ့ရှုခင်း၊ သန့်ရှင်းသပ်ရပ်မှု၊ ဝန်ဆောင်မှုကောင်းများ ပေါင်းစပ်လို့ နိုင်ငံခြားမှလာသော အဆင့်မြင့်ဟင်းချက်ပစ္စည်းများဖြင့် ဟင်းအမျိုးပေါင်း ၁၀၀ ကျော်နှင့် နံနက်ခင်းအစားအစာများ Hong Kong Dimsum အား တစ်ပွဲလျှင် ကျပ် ၂၂၀နှင့် ကျပ် ၃၀၀ နှုန်းထားများဖြင့် ယနေ့စားသုံးနိုင်ပါပြီ။
တရုတ်နိုင်ငံမှလာသော မြေအိုးဖြင့်ချက်လုပ်ထားသည့် မြေအိုးမီးရှည်၊ ကော်ခြောက်မီးရှည်၊ ဆာကော်မီးရှည်တို့အပြင် Seafood မျိုးစုံအရှင်/အသေနှစ်မျိုးလုံးရနိုင်ပါပြီ၊
August လအတွက် နေ့လယ်စာနှင့် ညစာသုံးသူများအား 10% Discount ပေးနေပါပြီ။
JADE GARDEN RESTAURANT
အမှတ် ၁၀၊ ဝင်္ကဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၄၂၈၄၊ ၅၄၃၈၂၁။

NASA MUSIC
VCD KARAOKE
M - Studio

မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်)၏ အနှစ် ၉၀ ခရီး

လူ့ဘဝကိုရရှိပြီး လူသားအဖြစ် ရှင်သန်နေထိုင်ကြရာ၌ အချို့မှာ မျက်စိနှစ်ကွင်းအလင်းမရ၊ မျက်မမြင်ဘဝဖြင့် လောကကြီးတွင် အခက်အခဲနှင့် ရင်ဆိုင်ကြရရှာသည်။ သို့တစေ ၎င်းတို့သည် ဖွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ရုန်းကန်နေသည်ကို တွေ့နိုင်သည်။ လူသားအချင်းချင်း စာနာစိတ်ဖြင့် ထိုသူများအား လက်တွဲဖေးမကူညီ စောင့်ရှောက်သူများလည်းရှိသည်။ ထိုကဲ့သို့သော စေတနာရှင်များ၏ ကြိုးစားမှုကြောင့်သာ “မျက်မမြင်ကျောင်း” ဟူ၍ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မျက်မမြင်ကျောင်းကို တည်ထောင်ခဲ့သူမှာ ဘုန်းတော်ကြီးပါးဆားဖြစ်သည်။ ၁၉၁၄ခုနှစ် ဩဂုတ်လ၄ရက်တွင် မျက်မမြင်ကျောင်းကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ စိန့်မိုက်ကယ် ကျောင်းဝင်းအတွင်း၌ တည်ဆောက်ထားသဖြင့် စိန့်မိုက်ကယ် မျက်မမြင်ကျောင်းဟူ၍ အမည်ပေးခေါ်တွင်ခဲ့ကြသည်။

၁၉၆၃ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့တွင် လူမှုဝန်ထမ်းဝန်ကြီးဌာနက ကျောင်းကို အပြီးလွှဲပြောင်းပြီး တာဝန်ယူခဲ့သည်။ ထိုကျောင်း တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ–

(က) အမြင်အာရုံချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာသော အားငယ်စိတ်နှင့် စိတ်ဓာတ်ကျဆင်းမှုများ လျော့ပါးပပျောက်စေရန်၊

(ခ) နေ့စဉ်လှုပ်ရှားသွားလာဆောင်ရွက်မှုမှန်သမျှကို ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်တတ်စေရန်၊

(ဂ) လူမှုပတ်ဝန်းကျင်နှင့်အဆင်ပြေစွာ နေထိုင်ဆက်ဆံတတ်စေရန်၊

(ဃ) စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန်နှင့်

(င) တတ်မြောက်ပြီးသော စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို အသုံးချ၍ မိမိဘဝကို မိမိဘာသာရပ်တည်ထူထောင်နိုင်စေရန်တို့ဖြစ်သည်။

ထိုရည်ရွယ်ချက်များကို အကောင်အထည် ဖော်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနသည် နှစ်စဉ်သင်တန်းသားများကို ခေါ်ယူပျိုးထောင်ပေးလျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့တက်ရောက်လိုသော ကျောင်းသားများသည် အသက် ၆ နှစ်မှ ၁၈နှစ်အတွင်းရှိရမည် ဖြစ်ပြီး စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာကို သင်ယူနိုင်စွမ်းရှိသည့် ကိုယ်စိတ် နှစ်ပါး ကျန်းမာသန်စွမ်းသော မျက်မမြင်များဖြစ်ရမည် ဖြစ်၏။ ကျောင်းဝင်ခွင့် ရရှိရေးအတွက်ကိုမူ ကျောင်းဝင်ခွင့်ပုံစံတွင် ဖြည့်စွက်ကာ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက် အပါအဝင် မြို့နယ်ကျန်းမာရေးအရာရှိ၏ မျက်စိမမြင်ကြောင်းနှင့် ကိုယ်စိတ်ကျန်းမာကြောင်း ထောက်ခံချက်ကိုပါ ပူးတွဲကာ မိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်တိုင် လျှောက်ထားပေးနိုင်သည်။ သတ်မှတ်ထားသည့် စံနှုန်းစည်းကမ်းနှင့် ကိုက်ညီသူများအား အဆောင်နေကျောင်းသားအဖြစ်လည်းကောင်း၊ နေ့ကျောင်းသား အဖြစ်လည်းကောင်း ကျောင်းမှလက်ခံသင်ကြားပေးသည်။ လက်ခံသည့် မျက်မမြင်အမျိုးအစားများမှာ လုံးဝမမြင်သူများ (Total Blind)၊ အမြင်အား ၁၀ ပုံ ၁ ပုံထက်မပိုသည့် အနည်းငယ်မြင်သူများ (Partial Blind)နှင့် ကုသ မရနိုင်သည့် မျက်မမြင်များ ဖြစ်သည်။

မေစပယ်ကြည်

ကျောင်းသို့ ဝင်ခွင့်ရရှိထားသော ကျောင်းသူကျောင်းသားများ၏ ကုန်ကျစရိတ်ကို လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းက မျက်မမြင်ကျောင်းသူကျောင်းသားတို့၏ ပြန်လည်ထူထောင်ရေးကို အောက်ပါအတိုင်း ဆောင်ရွက်ပေးသည်။

(က) စာပေပညာ သင်ကြားပေးခြင်း၊

(ခ) အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊

(ဂ) လူမှုရေးအရ ပြန်လည်ထူထောင်ပေးခြင်း၊

(ဃ) ပြန်လည်နေရာချထားပေးခြင်း

စသည်တို့ဖြစ်သည်။ စာပေပညာသင်ကြားရန် ရောက်ရှိလာသူများအား မြန်မာစကားနှင့်စာ ရေးဦးစွာ သင်ကြားပေးပါသည်။ ဤကဲ့သို့ မြန်မာစာသင်ကြားရာ၌ လွယ်ကူစွာတတ်မြောက်စေရန် မျက်မမြင်စာရေးနည်း ဖြစ်သည့် Braille နည်းဖြင့် သင်ကြားပေးသည်။ မျက်မမြင်များဖတ်နိုင်သော စာဟူသည်မှာ ပြင်ညီမျက်နှာပြင်တွင် စူးဖြင့်ဖောက်ကာ ပုံဖော်ထားသော အစက်ကလေးများကို လက်ဖြင့်စမ်း၍ အဓိပ္ပာယ်ဖော်ရသောစာများကို ဆိုလိုသည်။

အဆိုပါ မျက်မမြင်ကျောင်းတွင် မူလတန်းအောင်မြင်ပြီးသော ကျောင်းသားများအား အမှတ်(၄) အလယ်တန်းကျောင်း ကြည့်မြင်တိုင်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် အမှတ်(၅) အထက်တန်းကျောင်း ကြည့်မြင်တိုင်သို့လည်းကောင်း ရွှေ့ပြောင်းကာ ရောယှက်ပညာရေးစနစ် (Integrated Education)နည်းဖြင့် အမြင်ကျောင်းသားများနှင့် မမြင်ကျောင်းသားများရောကာ ပညာသင်ကြားပေးခဲ့သည်။ ဤစနစ်ကို ၁၉၉၅–၉၆တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။ ၁၉၇၂ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ဤကျောင်းမှ မျက်မမြင်ဘွဲ့ရ (၁၁)ဦးအထိ ပေါ်ထွက်ခဲ့ပြီး ဖြစ်သည်။

အခြေခံပညာအောင်မြင်ပြီး အလယ်တန်းပညာ ဆက်လက်သင်ကြားလိုသော ဆန္ဒမရှိသော မျက်မမြင်ကျောင်းသားများနှင့် အသက်ကြီးမှ ရောက်လာသော မျက်မမြင်များအတွက်မူ အနှိပ်သင်တန်း၊ ကြိမ်ဝါးလုပ်ငန်းသင်တန်း၊ ဗေဒင်သင်တန်းနှင့် သိုးမွေးထိုးသင်တန်းတို့ကို သက်မွေးပညာရပ်များအဖြစ် သုံးနှစ်တိုင်သင်ကြားပေးသည်။

ဤကဲ့သို့ မျက်မမြင်ကျောင်းသားများအပေါ်တွင် စေတနာမေတ္တာဖြင့် ပြုစုသင်ကြားပေးသော ကျောင်းဖြစ်သည့် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းကို နိုင်ငံတကာအဆင့်မီ မျက်မမြင်ကျောင်းဖြစ်လာစေရန် တရုတ်(တိုင်ပေ)မှ Dr. Chiu Wantso က ကျောင်းဆောက်လုပ်ရန် အမေရိကန်ဒေါ်လာ ၇၉၉၀၅ နှင့် ပညာရေးငွေပဒေသာပင်အတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ လှူဒါန်းခဲ့သည်။ ထို့အပြင် KO KO RO Volunteer Group ၏ ကူညီမှုဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှတစ်ဆင့် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံ Grass Roots Grant Assistanceတို့က နှစ်ထပ်ဘက်စုံသင်တန်းဆောင် ဆောက်လုပ်ရန်နှင့် ကွန်ပျူတာပစ္စည်း၊ တီးဝိုင်းပစ္စည်း၊ အခြားသင်တန်းသုံးပစ္စည်း များအတွက် အမေရိကန်ဒေါ်လာ ၈၀၀၀၀ လှူဒါန်းခဲ့သည်။

၂၀၀၁ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတော်က ကျောင်းသား ၃၀၀အထိ လက်ခံစောင့်ရှောက်နိုင်သည့် နိုင်ငံတကာအဆင့်မီ ကျောင်းဆောင်များ ဆောက်ရန် နေရာသတ်မှတ်ပေးခဲ့သည်။ ဆက်လက်၍ သုံးထပ်စာသင်ဆောင်နှင့် ဘက်စုံသင်တန်းဆောင်တို့ကို ဆောက်လုပ်ခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်း ငွေကျပ်၁၈၃သိန်း အကုန်အကျခံကာ အမျိုးသမီးအိပ်ဆောင်နှင့် အမျိုးသားအိပ်ဆောင်တို့ကို အကြီးစားပြင်ဆင်မှုများကို ပြုလုပ်ပေးခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် အဆိုပါ ကျောင်းဆောင်သစ်များကို ဖွင့်လှစ်ပေးခဲ့သည်။

ဤသို့ဖြင့် စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးကာ လူမှုရေးအရ ပြန်လည်ထူထောင်ပေးခြင်းနှင့် ပြန်လည်နေရာချထားပေးခြင်းတို့ဖြင့် မျက်မမြင်တို့အား ပြုစုပျိုးထောင်ပေးသော ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ သက်တမ်းမှာ ၂၀၀၄ခုနှစ် ဩဂုတ်လ ၄ရက်နေ့တွင် အနှစ် ၉၀ ပင် ပြည့်ခဲ့လေပြီ။ **ဤကျောင်းကြီးသည် မျက်မမြင်တို့အား ဒုက္ခိတဟူ၍ မသတ်မှတ်။ လူ့လောကအလယ်တွင် မားမားမတ်မတ် ရပ်တည်နိုင်စေရန် ပြုစုပျိုးထောင်ပေးသော ပညာသင်ကျောင်းဟုဆိုနိုင်သည်။ ပင်ကို အရည်အချင်းရှိပြီးသော ကျောင်းသားများအား ဂရုစိုက် အရောင်တင်ပေးသည့် ဆရာ ဆရာမများ၏ ကျေးဇူးတရားမှာလည်း ကြီးမားလှကြောင်း ဖော်ပြလိုပေသည်။ ဤမျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)၏ ကျေးဇူးကြောင့်ပင် မျက်မမြင်တို့သည် အရာရာကို စက္ခုဖြင့် မြင်နိုင်စွမ်းမရှိသော်လည်း နှလုံးသားဖြင့် မြင်စွမ်းနိုင်ကာ ဘဝခရီးကို စိတ်ချမ်းသာစွာ ဖြတ်သန်းနိုင်လျက်ရှိနေပြီ ဖြစ်ကြောင်း** တင်ပြလိုက်ရပေသည်။ ။

ဤကျောင်းကြီးသည် မျက်မမြင်တို့အား ဒုက္ခိတဟူ၍ မသတ်မှတ်။ လူ့လောကအလယ်တွင် မားမားမတ်မတ်ရပ်တည်နိုင်စေရန် ပြုစုပျိုးထောင်ပေးသော ပညာသင်ကျောင်းဟု ဆိုနိုင်သည်။ ပင်ကို အရည်အချင်းရှိပြီးသော ကျောင်းသားများအား ဂရုစိုက် အရောင်တင်ပေးသည့် ဆရာ ဆရာမများ၏ ကျေးဇူးတရားမှာလည်း ကြီးမားလှကြောင်း ဖော်ပြလိုပေသည်။ ဤမျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)၏ ကျေးဇူးကြောင့်ပင် မျက်မမြင်တို့သည် အရာရာကို စက္ခုဖြင့် မြင်နိုင်စွမ်းမရှိသော်လည်း နှလုံးသားဖြင့် မြင်စွမ်းနိုင်ကာ ဘဝခရီးကို စိတ်ချမ်းသာစွာ ဖြတ်သန်းနိုင်လျက်ရှိနေပြီ ဖြစ်သည်။

တူးဖော်ရှင်းလင်း

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စည်ပင်သာယာဈေးကြီးအတွင်းရှိ ရေဆိုးထုတ်မြောင်းကို တူးဖော်ရှင်းလင်း ဆောင်ရွက်ကြစဉ်။ (၃၈၀)

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ပုန်းရည်အင်း–ဇီးဖြူပင်မြေသားလမ်းဖောက်လုပ်မှုကို မြို့နယ်အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ဇူလိုင် ၁၀ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင် ၁၁ ရက်က အထက(၁)လက်ပံတန်း၏ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် သာယာဝတီခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သန်း၊ လက်ထောက်တိုင်းပညာရေးမှူး ဒေါ်စန်းရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဦးတို့က သစ်ပင်စိုက်ပျိုးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ရွှေပြည်သာ ပရိယတ္တိ စာသင်တိုက်၌ အသင်း၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တနာဂိတ (ဒွိပိဋကဓရ-မဟာဂန္ထ ဝါစက ပဏ္ဍိတ) ရှေ့မှောက်တွင် ရွှေပြည်သာမြို့ ဝန်ထမ်းကြီး ရပ်ကွက်နေ ဒေါက်တာသိန်းတန်-ဒေါ်ခင်ပြုံးမြင့်တို့က ရွှေပြည်သာမြို့နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ အသင်းနာယက ဦးဝမ်းတင် (ကန်တော့ခံစာပေပညာရှင် စာရေးဆရာကြီး-ဟသ်ာ)က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဇူလိုင် ၂၄ရက်က အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက်၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနမှူး ဦးတင်ဝင်းက ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မြင့်သို့ စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

လှိုင်သာယာမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မိသားစု ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ဇွန် ၂၈ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်နှင့်ဇနီး၊ ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးရိုးမတောင်ခြေ စိမ်းလန်းစိုပြည်ရေး ပျဉ်းမနားမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ပဲခူး ဇူလိုင် ၁၄

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် ပြည်သူများ စုပေါင်းစိုက်ပျိုးသည့် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၀ ရက်က ပျဉ်းမနားမြို့နယ် ပဲခူးရိုးမအခြေရှိ မင်းကုန်းကျေးရွာတွင် ကျင်းပရာ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် ဇနီး၊ မြို့နယ်အမျိုးသမီးရေးရာနာယက ဒေါ်ကြင်မြိုင်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းတိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ကျေးရွာပြည်သူများအင်အား ၁၀၀၀ ကျော်တို့က ရိုးမ တောင်ခြေတွင် ကျွန်း၊ သစ်ဆိမ့်၊ သီဟိုဠ်နှင့် ကုက္ကိုစသည့် ပျိုးပင် ၂၀၀၀ ကျော်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၅-၈-၂၀၀၄(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (အနတ္တလက္ခဏသုတ္တန် တရားတော်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (ပြည်တွင်းဖြစ် ဓာတ်ငွေ့သုံး မီးဖိုများထုတ်လုပ်မှုအကြောင်း)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အေးအေးလူလူအတွေးများ (နေဝင်းမြင့်) (၂)အဓိကလူ၊ လူအဓိက ညီညီနိုင်(ပြန်ဆိုသည်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (အသက်အရွယ်ကို အုပ်စုခွဲခြင်း-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ(ပဲပြား)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ရှာမှရှားတဲ့ ကျွန်မသား)

၁၉:၄၀ နှောင်းတေးထံတျာ

ဘင်ခရာ၊ ကြက်ခြေနီနှင့် မီးသတ်သင်တန်းဆင်းပွဲကျင်းပ ရေစကြိုမြို့နယ်တွင် သင်တန်းဆင်းလက်မှတ်ပေးအပ်

ရေစကြို ဇူလိုင် ၃၀

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြက်ဆူကျင် စံပြ အထက(ခွဲ)အားကစားကွင်း၌ ဘင်ခရာ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့များ ဘက်စုံသင်တန်းဆင်းပွဲကို ဇူလိုင် ၂၅ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းဆင်းတပ်ဖွဲ့များက မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းအား ချီတက်အလေးပြုကြပြီးနောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို တပ်ဖွဲ့အသီးသီးမှ ခေါင်းဆောင်များအား ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ယင်းနောက် ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက ကြက်ဆူကျင် အထက ကွန်ပျူတာဆောင် ဆောက်လုပ်မှုများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **(က-ပ)**

အချစ်၊ ဟာသနှင့် မြန်မာ့လက်ဝှေ့ ဗီဒီယိုဇာတ်ကားများဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် ဩဂုတ် ၃

အချစ်၊ ဟာသ၊ အထိုးအကြိတ်၊ မြန်မာ့လက်ဝှေ့စသည်ဖြင့် အကြောင်းအရာစုံ ရိုက်ကူးထားသော မြန်မာဗီဒီယိုဇာတ်ကား ၁၄ ကား ဩဂုတ် ၂ ရက်မှစ၍ ဖြန့်ချိပြသခွင့်ရရှိသည်။

'ဆန်းလဲဆန်းတဲ့လူ'ဇာတ်ကားမှ ရုပ်ရှင်သရုပ်ဆောင် မော့စ်နှင့် မိုးပွင့်။

ထိုဇာတ်ကားများမှာ သုခမိန် ရုပ်ရှင်မှ ဒါရိုက်တာ ဟိန်းစိုးရိုက်ကူးပြီး လူမင်း၊ ထက်ထက်မိုးဦး၊ သူထူးစံတို့ ပါဝင်သော **'စံပျော်ရစ်စေ'**။ စနိုးပိုက် ဗီဒီယိုမှ ဒါရိုက်တာ မောင်မောင်ဦး ရိုက်ကူးပြီး နိုင်းနိုင်း၊ မေသန်းနု၊ မျိုးစန္ဒီကျော်တို့ ပါဝင်သော **'၅၂၈ နှောင်ကြိုး'**။ ကောင်းသစ္စာ ဗီဒီယိုမှ ဒါရိုက်တာခင်စောမျိုး ရိုက်ကူးပြီး ညွှန့်ဝင်း၊ ကျော်သူ၊ လွင်မိုး၊ မေသန်းနုတို့ ပါဝင်သော **'မောင်မင်းကြီးသား မောင်မြဖေ'**။ မဏိရွှေစင်မှ ဒါရိုက်တာ ဖိုးကျော်(သန်လျင်)ရိုက်ကူးပြီး ဝေဠုကျော်၊ ထွန်းအိန္ဒြာဗို၊ အေးဝတ်ရည်သောင်းတို့ ပါဝင်သော **'ကမ္ဘာဟောင်းမှာ နေသူ'**။ ကျော်ကျော်ဦးဗီဒီယိုမှ ဒါရိုက်တာ အောင်ဆွေဆက် ရိုက်ကူးပြီး နေလင်းဦး၊ ညီညီမင်းထက်၊ မေသကြိန်တို့ ပါဝင်သော **'သံသယမိုက်ကြွေး'**။ လပ်ကီးဆဲဗင်းမှ ဒါရိုက်တာ ပေါက်ကျိုင်း ရိုက်ကူးပြီး မော့စ်၊ ခင်မို့မို့အေး၊ မိုးပွင့်တို့ ပါဝင်သော **'ဆန်းလဲ ဆန်းတဲ့လူ'**။ ဇော်ပစ်တိုင်းထောင်မှ ဒါရိုက်တာ ကျော်ကျော်ထူး ရိုက်ကူးပြီး လက်ဝှေ့အကျော်အမော်များ ပါဝင်သော **'ကျားကုတ်ကျားခဲ ရင်ဆိုင်ပွဲ'**။ ငွေအိမ်စံဗီဒီယိုမှ ဒါရိုက်တာ မောင်နီလွင် ရိုက်ကူးပြီး ရန်အောင်၊ သတ္တိ၊ သွင်ပပအောင်၊ မိုးပွင့်တို့ပါဝင်သော **'ပန်းရုပ်ကြွင်းကို အသက်မသွင်းချင်'**။ ဒါရိုက်တာ လုံမင်းသားစံတင် ရိုက်ကူးပြီး နိုင်ထက်ဦး၊ မေသကြိန်တို့ ပါဝင်သော **'ဥပဒေကျားနှင့်ဒုစရိုက်ကျား'**။ ရွှေမင်းသား ဗီဒီယိုမှ ဒါရိုက်တာ မျိုးဇော်အောင် ရိုက်ကူးပြီး မင်းသစ္စာ၊ အိုင်းရစ်လေပြေဦးတို့ပါဝင်သော **'လူစိမ်း သူစိမ်း'**။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူးပြီး ခန့်စည်သူ၊ နန္ဒာလှိုင်တို့ ပါဝင်သော **'ရပါတယ်'**။ ပိတောက်ပင်လယ်ဗီဒီယိုမှ ဒါရိုက်တာ မောင်သိန်းနိုင် ရိုက်ကူးပြီး ခင်လှိုင်၊ မြို့တော် ချစ်ဖွယ်တို့ပါဝင်သော **'နတ်ပေးတဲ့ ဖူးစာ'**။ ဒါရိုက်တာ စန္ဒာအောင်သိန်း ရိုက်ကူးပြီး အောင်ပိုင်၊ စိုင်းသီဟ၊ ခိုင်တို့ပါဝင်သော **'ရှုးရှုးမိုက်မိုက်'** ဇာတ်ကားများ ဖြန့်ချိပြသမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

'ခရမ်းပြာကို စောင့်ကြည့်ပါ' ဗီဒီယိုဇာတ်ကားမှ လွင်မိုးနှင့် နဝရတ်။

'စံပျော်ရစ်စေ' ဗီဒီယိုဇာတ်ကားမှ လူမင်းနှင့် ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်ဟန်။

စိန်ပန်းမင်း ဗီဒီယိုမှ မှုခင်းပဟေဋ္ဌိဇာတ်ကားအဖြစ် ရိုက်ကူးခဲ့သော 'ခရမ်းပြာကိုစောင့်ကြည့်ပါ' ဗီဒီယိုဇာတ်ကားမှာ မကြာမီဖြန့်ချိပြသရန် စီစဉ်လျက်ရှိသည်။ ဒါရိုက်တာ ရဲဝန်ထမ်းဟောင်းတစ်ဦးနှင့် ချောချစ်စံတို့က ရိုက်ကူးခဲ့၍ လွင်မိုး၊နဝရတ်တို့ ပါဝင်သရုပ်ဆောင်ကြသည်။

ထိုဇာတ်ကားနှင့်ပတ်သက်၍ မှုခင်းပဟေဋ္ဌိ ဖြေဆိုနိုင်သူများအား ပထမဆုငွေ ကျပ်တစ်သိန်း၊ဒုတိယဆုငွေကျပ်သုံးသောင်း၊ တတိယဆုငွေကျပ် တစ်သောင်းနှင့် နှစ်သိမ့်ဆုများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ချီးမြှင့်မည်ဟု သိရသည်။ ။

(မြန်မာ့အလင်း)

ရေတာရှည်မြို့နယ်လုံးကျွတ် သစ်ပင်စိုက်ပွဲတော်ကျင်းပ အရိပ်ရပင်၊ ပန်းအလှပင်၅၀၀၀ကျော် စုပေါင်းစိုက်ပျိုး

ရေတာရှည် ဇူလိုင် ၁၀

ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများ မြို့နယ်လုံးကျွတ် သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင်၃ရက်က ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှနှင့် ရေနီမြို့များရှိ ကျောင်းများနှင့် ဌာနဆိုင်ရာ စက်ရုံနှင့် အလုပ်ရုံများတွင် ကျင်းပသည်။

သစ်ပင်စိုက်ပွဲတော်တွင်ဌာနဆိုင်ရာဝန်ထမ်းများ၊မြို့နယ်အတွင်းရှိ ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ သစ်ဆိမ့်ပင်၊ ကျွန်းပင်၊ ခရေပင်၊ စွယ်တော်ပင်၊ တည်ပင်နှင့် ပန်းအလှပင် စုစုပေါင်း အပင် ၅၀၀၀ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးမောင်ဝင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဉက္ကာနှင့် တာဝန်ရှိသူများ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသိန်းမြင့်ထွန်း၊ နယ်မြေတာဝန်ခံများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေရာများခွဲ၍ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **(က–ပ)**

တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းဘေးဝဲယာတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ဇူလိုင် ၁၆ ရက်က စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၂၆၆)

ဇွန် ၂၈ရက်က ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာတွင် အလျားပေ ၉၀ အနံပေ ၃၀ ရှိ ၅၅သိန်းကျော်တန် အခြေခံပညာ အလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ဗိုလ်မှူးထွန်းထွန်းဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂)ဦးအောင်မြင့်လွင်နှင့် ဦးစိုးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၄၈)

ရွှေအုန်းပင် ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက် မော်ကျွန်း၌ဖွင့်လှစ်

မော်လမြိုင်ကျွန်း ဇူလိုင် ၂၉

ရွှေအုန်းပင် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်ဖွင့်ပွဲ၊ လမ်းသစ်ဖွင့်ပွဲ၊ ဆေးပေးခန်းဖွင့်ပွဲနှင့် မီးစက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၅ရက် နံနက် ၁၀ နာရီက မရဲ့အုန်းပင်စုကျေးရွာ၌ကျင်းပရာ ရွှေအုန်းပင်ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်အေးအေးယုနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်ကြည်က ကျေးလက် စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)က စာကြည့်တိုက် အောင်မြင်ရှင်သန်ရေးကိုလည်းကောင်း ဟောပြောကြကြောင်း သိရသည်။ **(၀၉၇)**

ယဉ်ကျေးမှုအမွေ တုံးမောင်းများလှူဒါန်း

ပြင်ဦးလွင် ဇူလိုင် ၁၈

ပြင်ဦးလွင်ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် ဇနီးတို့သည် ဇူလိုင် ၄ရက်က ပြင်ဦးလွင်မြို့နယ် ကန်ဦးကျောင်းဆရာတော်ထံတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေကို ထိန်းသိမ်းသောအားဖြင့် တုံးမောင်းများကို ဘုန်းတော်ကြီးကျောင်းများအတွက် တုံးမောင်း ၁၁တုံးကို ရေစက်ချ လှူဒါန်းကြောင်းသိရသည်။ **(၂၈၀)**

မိုးစပါးသတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုး နောင်ချိုမြို့နယ်ဥက္ကဋ္ဌနှင့် တောင်သူများညှိနှိုင်း

နောင်ချို ဇူလိုင် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မိုးစပါးဆင်းရွှေလီစပါးကျေးရွာအုပ်စုတို့တွင် သတ်မှတ်လျာထားချက်နှင့်အညီ ပြည့်ဝစွာစိုက်ပျိုးရေးနှင့် စိုက်ပျိုးလျက်ရှိသည့် ဆင်းရွှေလီမိုးစပါးအောင်မြင်ဖြစ်ထွန်းရေးအတွက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ဇူလိုင်၂၁ရက် ည၇နာရီက အုံးမွခါးကျေးရွာအုပ်စုလယ်ကျင်းကွေ့တွင် ကျင်းပသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က ဆွေးနွေးပြောကြားရာတွင် ယခုနှစ်မိုးစပါး ဆင်းရွှေလီအထွက်တိုးမျိုးကောင်းမျိုးသန့်ဖြစ်သည့်အတွက် နည်းစနစ် မှန်ကန်စွာ စိုက်ပျိုးကြရန်တို့ကို ဆွေးနွေး ပြောကြားသည်။

ပံ့ပိုးကူညီ

ထို့နောက် တောင်သူများ၏လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ၊ မြို့နယ် မြေစာရင်းဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စိုက်/ကြပ်အဖွဲ့ဝင်များနှင့် အုံးမွခါး ကျေးရွာအုပ်စုတောင်သူ ဦးကြီးများ တက်ရောက်ညှိနှိုင်းဆွေးနွေးကြသည်။ **(၂၄၂)**

မော်လမြိုင်မြို့ အထက(၁၀)မြတ်ဆရာပူဇော်ပွဲနှင့် ရွှေရတုအကြိုပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

မော်လမြိုင် ဇူလိုင် ၃၀

မော်လမြိုင်မြို့ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း (ယခင် ရာမည မွန်အမျိုးသားအထက်တန်းကျောင်း၊ အမှတ် (၁၂) အထက မော်လမြိုင်) ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့်နှစ် (၅၀) ပြည့်ရွှေရတုအကြိုပွဲတော်ကို ဒီဇင်ဘာ ၂၆ ရက်တွင် မော်လမြိုင်မြို့ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲနှင့် နှစ်(၅၀) ပြည့်ရွှေရတုအကြိုပွဲတော်အတွက် ရပ်ဝေးရောက်ကျောင်းသား ကျောင်းသူဟောင်းများ၊အပူဇော်ခံဆရာ ဆရာမများ၊ မော်လမြိုင် အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီး၊ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီနာယက ဦးအောင်မြင့်၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလှမင်း ဖုန်း–၀၅၇–၂၁၃၆၀၊ အတွင်းရေးမှူး ဦးစိုးမြင့်၊ ဦးစိုးသန်းဖုန်း–၀၅၇–၂၂၃၇၈၊၂၂၈၄၈နှင့် ဒေါ်ရီရီသိန်း(ပါမောက္ခ၊ သချင်္ချာဌာန၊ မော်လမြိုင်တက္ကသိုလ်) ဖုန်း–၀၅၇–၂၁၃၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဇူလိုင် ၄ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်းပေါက်များ ပြုပြင်ခြင်း လုပ်ငန်းကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင်၂၉ရက်က အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်း သာယာရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ လမ်းဘေး ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုလုပ်ငန်းကို မြို့နယ်အမှုဆောင်အရာရှိ ဦးစန်းလွင် ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (၀၇၄)

ပြုစုပျိုးထောင်

ဇူလိုင် ၂၇ရက်က မကွေးတိုင်း ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လှိုင်နှင့် ဝန်ထမ်းများ မြို့စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးရန် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြုစုပျိုးထောင်ခြင်းနှင့် ပျိုးအိတ်များ ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မိသားစုအပေါ် တာဝန်ကျေပွန်လွန်းသော ကျေးဇူးရှင် ချစ်မေမေ ဒေါ်စန်းစန်းမြင့်၏ (၄-၈-၂၀၀၄)ရက်နေ့တွင် ကျရောက်သော (၅၁)နှစ်မြောက်မွေးနေ့မှသည် သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့သောဘဝတွင် ချစ်သောမိသားစုနှင့်အတူ လောကီ လောကုတ္တရာ အကျိုးများကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်ခင်ပွန်း – ဦးအောင်မျိုး
ချစ်သမီးကြီး – Dr.အိအိသူ M.B., B.S(Ygn) သရုပ်ပြ၊ အဏုဇီဝဗေဒဌာန,IM II
ချစ်သမီးလတ်– ဇင်ဇင်သူ B.E(Civil) M.E(1st semester လိုင်သာယာ)
ချစ်သမီးငယ် – အိအိဖြူ Final part I,IM I

(၁၁)နှစ်မြောက် မင်္ဂလာဆုတောင်း

သားကြီး **ဗိုလ်ကြီးအောင်မျိုးငွေး** နှင့် သမီး **မနီလာဝင်း**
တို့၏ ၂၁-၇-၂၀၀၄ ရက်၌ ကျရောက်သော
(၁၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည်
ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သမီးနှင့်အတူ
အောင်မြင်သော ဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေ– ဦးဘငွေး၊ ချစ်မေမေ– ဒေါ်ညိုညို။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး(ရုံးချုပ်) အမှတ် ၃၇၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့ ချိပ်ပိတ်တင်ဒါအမှတ် ၀၀၄/ပီအိုအယ်လ် ၂၀၀၄-၂၀၀၅

၁။ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များတွင် အသုံးပြုရန်အတွက် Engine Oil SAE-50, API (CB/SB) (OR) (CC/SC) (For Diesel Engine) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) **တင်ဒါပုံစံများရောင်းချမည့်နေရာ** – ပစ္စည်းဝယ်ယူရေးနှင့် သိုလှောင်ရေးဌာန ကုန်းလမ်းပို့ဆောင်ရေး(ရုံးချုပ်)
(ခ) **တင်ဒါပုံစံများရောင်းချမည့်ရက်** – ၂-၈-၂၀၀၄ ရက်
(ဂ) **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** – ၁၆-၈-၂၀၀၄ ရက်၊ ၁၆း၀၀ နာရီ

၂။ ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် တင်ဒါကို အကြောင်းတစ်စုံတစ်ရာ မပြဘဲ ပယ်ဖျက်ခွင့်ရှိသည်။

၃။ အသေးစိတ်သိလိုသောအချက်အလက်များအား ပစ္စည်းဝယ်ယူရေးနှင့် သိုလှောင်ရေးဌာနတွင်လည်းကောင်း၊ ဖုန်း-၀၁-၂၅၂၅၇၄နှင့် ၀၁-၃၇၆၅၄၉ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး။

(၁၁)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်သူငယ်ချင်း **ဗိုလ်ကြီးအောင်မျိုးငွေး** နှင့်
မနီလာဝင်း တို့၏
၂၁-၇-၂၀၀၄ ရက်၌ ကျရောက်သော
(၁၁) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည်
သက်ဆုံးတိုင်ပျော်ရွှင်ချမ်းမြေ့ပါစေဟုဆုမွန်ခြွေလျက်–

ချစ်သူငယ်ချင်းများ– ဝင်း၊ ပပ၊ စု၊ နွယ်။

ကျေးဇူးဆပ်ပါမည်

Gideon Ritcher (Hungary) မှထုတ်လုပ်သော Postinor-2 TAB ဆေးဝါးမှတ်ပုံတင် လက်မှတ်အမှတ် 9909 A 0900 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၅၂၆၁၇၃။

အမည်ပြောင်း

အဖဦးရဲထွဋ်၏သား ကျုံပျော်မြို့ အထက ဒသမတန်း(B)တွင် ပညာသင်ကြားနေသော မောင်မင်းညီအား မောင်မင်းအောင်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းအောင်မြတ်။

အမြန်ရောင်းမည်

ရန်ကင်းမြို့နယ် သစ္စာလမ်းမကြီးနှင့်ကပ်လျက်ပေ ၁၀၀ ပတ်လည်ခန့် ဘိုးဘွားပိုင်မြေနှင့် အုတ်ခံ နှစ်ထပ်အိမ်၊ အိပ်ခန်း (၃) (Master Bed Room – ၁)ရေမီးစုံ၊ ပါဝါမီတာ၊ဂျိုးဖြူရေ နှင့်ရေတွင်း၊ ဂိုဒေါင်၊ စက်ရုံ အလုပ်ရုံဆောက်ရန်အလွန်ကောင်းသည်။

စုံစမ်းရန် ဖုန်း – 562157 (7 to 10 Am 5 to 10 Pm)

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆ စစ်တွေခရိုင်တရားရုံး ၂၀၀၄ ခုနှစ် တရားမဇာရီမှု အမှတ်-၁

အာရှနေဘဏ်လီမိတက် (စစ်တွေဘဏ်ခွဲ) (၎င်း၏ဘဏ်ခွဲတာဝန်ခံ ဒေါ်အေးအေးသာ)	**နှင့်**	ဒေါ်မခိုင်ရွှေဝင်း (၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးစံရွှေသိန်း၏တရားဝင် ကိုယ်စားလှယ်)
တရားနိုင်		**တရားရှုံး**

စစ်တွေခရိုင်တရားရုံး ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်(၄)တွင် ၂၅-၉-၂၀၀၃ နေ့စွဲပါ အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၀၄ခုနှစ် စက်တင်ဘာလ ၃ ရက် (၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်နေ့) နံနက်၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ထိုသို့ရောင်းချရာတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျ လွှဲအပ်ထားသည့် ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်း

မြောက်ဦးမြို့၊ အောင်တပ်ရပ်ကွက်၊ လက်ဆည်ကန်အကွက် ၈၈၈/စီး-၂၊ ဦးပိုင်အမှတ် ၁၇၆/၁၆၀ ၊ ဧရိယာ ၀ ဒသမ ၁၅ ဧကရှိ အငှားဂရန်အိမ်ရာမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ မြောက်ဦးမြို့၊အောင်တပ်ရပ်ကွက်၊ မင်းသားကြီးလမ်း၊ အမှတ် ၄၃ ဟုခေါ်တွင်သည့် အဆောက်အအုံ။

လေလံစည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များသည် သိရှိရသမျှဖြစ်သည်။ ထိုသို့ တင်ပြရာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံတင်ရောင်းချမည့် ပစ္စည်း၏ ကြမ်းခင်းဈေးမှာ သိန်း ၅၀ ဖြစ်ပါသည်။

၄။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်းလာရောက် စုံစမ်းနိုင်ပါသည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စန်းလွင်
ခရိုင်တရားသူကြီး၊
စစ်တွေခရိုင်တရားရုံး။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဦးသက်အောင်–ဒေါ်မြင့်မြင့်မော်တို့၏ သမီး သက်ဆုဆုအောင် ၁၂/ဥကတ(နိုင်) ၁၅၆၂၆၁ သည် မိဘများစိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပြီး သွန်သင်ဆုံးမမှုများကိုမနာခံသည့်အပြင် ၃၀-၇-၂၀၀၄ ရက်၌ မိမိဆန္ဒအလျောက်အိမ်ပေါ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို(လုံးဝ)တာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) ဦးသက်အောင်** ၁၂/ဥကတ(နိုင်)၀၁၄၄၂၅၊ **ဒေါ်မြင့်မြင့်မော်** ၁၂/ဥကတ(နိုင်)၀၁၃၁၅၃။



ဒေါ်လှ

ဆရာမကြီး(မြစ်ကျိုး)
အသက်(၈၃)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ မြစ်ကျိုးနေ (ဦးရွှေစ–ဒေါ်ချစ်မေ) တို့၏ သမီး၊ (ဦးမောင်မောင်ရှိန်)၏ညီမ၊ (ဦးသောင်းစိန်)၊ ဦးကျော်ဟန် တို့၏အစ်မ၊ တူ ခြောက်ယောက်၊ တူမ ငါးယောက်တို့၏ ကြီးတော်၊အဒေါ်သည် ၁-၈-၂၀၀၄ရက် နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်ပြီး ကွယ်လွန်သူ၏ဆန္ဒအရ ၁-၈-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ထိန်ပင် သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသောင်းမြင့်(ခ) ကိုမောင်သောင်း

(ထားဝယ်)
အသက်(၄၅)နှစ်

တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာနေ(ဦးဘရှိ)–ဒေါ်ကျင်ပုတို့၏ သား၊ ရန်ကုန်မြို့၊ အမှတ် ၃၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်နေ ဦးကျော်လွင်၊(ဦးဘန်နီကျော်)တို့၏တူ/သားသည် ၁-၈-၂၀၀၄ရက် နံနက် ၃း၁၅နာရီတွင် အောင်ဇေအထူးကု ဆေးခန်း၌ ကွယ်လွန်ပါ၍ ၅-၈-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ဗဟန်းနေအိမ်မှ ကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု။**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းစန်းယဉ်
(စမိန်း)
B.Sc., (IC)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊အမှတ်၂၀၄(က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်နေ (ဦးအောင်မြတ်)–ဒေါ်ကျင်မြိုင်တို့၏ သမီးချွေးမ၊ ဦးစိန်ဝင်း–ဒေါ်ခင်ညွန့်တို့၏သမီး၊ဦးကျော်မြင့်၏ဇနီး၊ဦးကျော်ဝင်း–ဒေါ်နုနုမြင့်၊ ဦးမြင့်လွင်–ဒေါ်မြင့်မြင့်ကြူတို့၏မရီး၊ ဒေါက်တာလှကြည်–ဒေါ်ရှုလင်း၊ ဦးသန်းရွှေ–ဒေါ်ရှုမေ၊ ဦးကြည်လှိုင်–ဒေါ်စန်းစန်းရီတို့၏ ယောင်းမ၊ မောင်မျိုးဇော်မြင့်(ခ)မျိုးကျော်ဆက်၊ (ခေတ္တ–S'pore)၊ မောင်ဉာဏ်လင်း B.C.Sc (Comp; Science)၊ မယဉ်ဝင်းထက် Final Part I (Jr) IM (1)၊ မလဲ့ရည်မွန် (X Passed၊ အထက-၂၊ လသာ)တို့၏ မိခင်သည် ၂၆-၇-၂၀၀၄ရက်တွင် စင်ကာပူနိုင်ငံ General Hospital ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့၌ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေ သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးထွန်းဖံ(ငြိမ်း)

အသက်(၆၆)နှစ်

ပဲခူးမြို့၊ ဖိုင်းဂနိုင်း မြောက်ပိုင်းနေ (ဦးကံဆယ်–ဒေါ်အေးတင်)တို့၏သား၊ ဒိုက်ဦးမြို့၊ ဈေးတောင်ဘက်လမ်းနေ (ဦးနီ–ဒေါ် သောင်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နေ ဗိုလ်မှူးကြီးငွေးဝင်း–ဒေါ်ယဉ်မြ၊ (ဦးစောမောင်)–ဒေါ်တင်တင်အေး၊ ဒေါ်မြထွေး၊ ဦးရဲမြင့်–ဒေါ်ခင်အေး၊ ဦးစံမောင်–ဒေါ်ချိုချိုတို့၏အစ်ကို၊ မယုယုစံ၊ မနုနုစံ၊ ကိုမောင်မောင်ဦး–မကျော့ကျော့စံ၊ မောင်သိန်းဖံ၊ ဗိုလ်ကြီးဇော်ထွန်း၊ မခင်ဝင်းခိုင်၊ မောင်ဝင်းထွန်းတို့၏ ဖခင်၊ မောင်ကျော်ဇ၏အဘိုး၊ (ဒေါ်မြမြ)၏ ခင်ပွန်းသည် ၂၇-၇-၂၀၀၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၀၄ရက်(ကြာသပတေးနေ့)တွင် သင်္ဂြိုဟ်ပြီး ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
ဦးထွန်းရင်ဦး (ရွှေဇဟိုရ်စည်မိသားစု)
(ရမ်းဗြဲ၊ ကျောက်နီမော်)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ C-7၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေ (ဦးထွန်းမြ–ဒေါ်မဦးဖြူ)တို့၏ တစ်ဦးတည်းသောသား၊ ဒေါ်စိန်ခိုင်(ရွှေဇဟိုရ်စည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းနိုင်(ရွှေဇဟိုရ်စည်ပွဲရုံ၊ ဘုရင့်နောင်)–ဒေါ်တင်လှ၊ ဦးထွန်းခင်(ရွှေဇဟိုရ်စည်အိမ်ဆောက်ပစ္စည်း၊စော်ဘွားကြီးကုန်း)–ဒေါ်တင်တင်လင်း၊ ဒုတိယဗိုလ်မှူးကြီးလှသန်းမောင် (တပ်မတော်ဆေးတက္ကသိုလ်)–ဒေါ်ခင်သန်းရီ၊ ဦးထွန်းအေး(Tun Oo Family)–ဒေါက်တာသီဂီဦး၊ ဦးအောင်မြင့် (လ/ထ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်ခင်အေးရီ (UNICEF)၊ မခင်ထွေးရီ (BE Civil)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၃–၈–၂၀၀၄ရက် ညနေ ၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးစိုးဝင်း (B.Sc Botany)
(ပဲခူး၊ ဒိုက်ဦး)
(မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်း)
အသက်(၅၆)နှစ်

ပဲခူးမြို့၊ ဓိုင်းဂနိုင်မြောက်ပိုင်း၊ အမှတ် ၁၉၇၊ ကမ်းနားလမ်းနေ ဦးတွေ–(ဒေါ်ပု)တို့၏သား၊ ဒိုက်ဦးမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဘိုတဲလမ်းနေ (ဦးခင်မောင်လတ်)–ဒေါ်တင်နွဲ့(တင်လတ်သစ်စက်)တို့၏ သားသမက်၊ ဦးမြင့်သိန်း–ဒေါ်ခင်ခင်ဝင်းတို့၏ ညီ/မောင်၊ ဒေါ်လှမြင့်၊ အရှင်နာဂဝံသ၊ဦးခင်ဇော်–ဒေါ်ခင်ဌေးဦးတို့၏ အစ်ကို၊ဒေါ်ခင်နွဲ့ဦး၏ ခင်ပွန်း၊ ဗိုလ်စိုးကိုဦး(တောင်ငူ)၊ မပန်းမိုမိုမောင် (B.Sc Computer Science)တို့၏ ဖခင်သည် ၃–၈–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅–၈–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ဒိုက်ဦးမြို့ ရွာတန်းရှည်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမျိုးမြင့်မောင်(ခ)ပေါက်ပေါက်
CDC-4123 (Bosun)
Hanseatic Shipping Co., Ltd.
အထက(၁)လသာကျောင်းသားဟောင်း
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ စိန်ပန်းလမ်း၊ အမှတ် ၂၅ နေ (ဦးမြင့်မောင်)–ဒေါ်ကြည်ကြည်တို့၏ သား၊ ဦးကျင်–ဒေါ်အေးရှင်တို့၏ သားသမက်၊ ဦးသိန်းဟန်–ဒေါ်မြင့်မြင့်ကြည်၊ ဦးသန်းထွဋ်မြင့်(ခ)ဟယ်ရီ–ဒေါ်ဝင်းသိန်းတန်၊ ဦးသန်းထွန်းအောင်၊ ဦးမောင်မောင်ရီ၊ ဦးချမ်းသာ–ဒေါ်ရီတင်၊ ဦးမြင့်ခိုင်–(ဒေါ်နွဲ့နွဲ့ရီ)၊ ဦးအောင်ဌေး–ဒေါ်မေရီတို့၏ ညီ/မောင်၊ ဦးတင်ရွှေ–ဒေါ်ဌေးဌေးဝင်း၊ ဦးမင်းဆွေတို့၏ အစ်ကို၊ ကိုနေမျိုးအောင် (A/B Uniteam)–မစုလှိုင်အေး၊ မအေးသန္တာမျိုး(ခ)မစံ၊ ကိုမျိုးထွဋ်အောင် (Wiper Hanseatic)၊ ကိုအောင်အောင်သူ(Dtr Hanseatic)၊ ကိုထက်မြင့်အောင်(Dtr Hanseatic)၊ မမျိုးမဒီအောင်(အမက–၄၁၊ သာကေတ)တို့၏ ဖခင်၊ မောင်မျိုးမြတ်ငြိမ်း၊ မစုရတီမျိုးတို့၏ အဘိုး၊ ဒေါ်အေးမြင့်အေး၏ ခင်ပွန်းသည် ၂–၈–၂၀၀၄ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သန်း
ညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန
အသက်(၇၇)နှစ်

အမှတ် ၁၀၊ မာတင်ရိပ်သာလမ်း (ခပေါင်းလမ်း)၊လှိုင်မြို့နယ်နေ(ဦးမောင်မောင်၊ လက်ထောက်အမြတ်ခွန်မင်းကြီး–ဒေါ်ခင်တင့်)တို့၏သား၊ အမှတ် ၄၀၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်နေ (ခရိုင်ရဲဝန် ဦးလှမောင်–ဒေါ်မြမြ)တို့၏ သားသမက်၊ (ဒေါ်ညွှန့်ရီ၊ လက်ထောက်တိုင်းပညာရေးမှူး)၏ ခင်ပွန်း၊ ဒေါ်ဝင်းဝင်းမေသန်း (အလက–၂၊ ဗဟန်း)–ဦးထိန်လင်း (International Air Parts PTE Limited.)၊ ဒေါက်တာဖြူဖြူမေသန်း – ဦးကျော်ကျော်သိန်းထို (ဌာနမှူး၊ DCPT)၊ဒေါက်တာထင်အောင်သန်း(မိုးသက်တင်) – ဒေါ်စစ်ဇာခြည်အိမ့်အိမ့်မြင့်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဒေါ်တင်တင်လှ–ဦးမြင့်ကြွယ် (အယ်ဒီတာချုပ်၊ ငြိမ်း၊ မြဝတီ ပုံနှိပ်တိုက်)တို့၏ အစ်ကိုသည် ၂–၈–၂၀၀၄ရက် (တနင်္လာနေ့) ည ၁၀း၁၅ နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (လှိုင်မြို့နယ်နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်စိုး
အသက်(၆၂)နှစ်

ပုသိမ်မြို့နေ (ဦးပေါ်ထွန်း–ဒေါ်သိန်းညွှန့်)တို့၏သား၊ လှည်းကူးမြို့နေ(ဦးဘကျော်–ဒေါ်ဖွားခင်)တို့၏ သားသမက်၊ (ဒေါ်နှင်းကြည်)၏ခင်ပွန်း၊ သားသမီးငါးယောက်တို့၏ဖခင်၊မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၂–၈–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၄–၈–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း
မိုဟာမွဒ်အီစာ(ခ)ဦးစိုးဝင်း
(ရှမ်းရိုးမစတိုး)
B.A မြန်မာစာ(၁၉၇၀–မန်း)
ရမည်းသင်းမြို့
အသက်(၅၉)နှစ်

ရမည်းသင်းမြို့၊ ဝါတိုးအနောက်ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် ၃၅ နေ (ဦးမူဆာ–ဒေါ်အမာကြူ)တို့၏သား၊ ကျောက်မဲမြို့နေ (ဦးရာမန်)–ဒေါ်သန်းတို့၏ သားသမက်၊ မစုနန္ဒာဝင်း (B.A - Geo:)၊ မောင်ရန်နိုင်ဝင်း (LL.B)တို့၏ ဖခင်၊ ဒေါ်ဝင်းဝင်းလေး (မြို့နယ် သ/မဦးစီး၊ ငြိမ်း)၏ ခင်ပွန်း မိုဟာမွဒ်အီစာ(ခ)ဦးစိုးဝင်း (အတွင်းရေးမှူး၊ ဂျာမေဗလီ) (ဥက္ကဋ္ဌ၊ မြို့နယ် မအဖ)သည် ၂၄–၇–၂၀၀၄ရက် နံနက် ၆း၁၅နာရီတွင်အလ္လာဟ်ရှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ယင်းနေ့ အစွာနမာဇ် အပြီးတွင် ရမည်းသင်းမြို့ စွန္နီမွတ္စလင် ကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်ငွေ
တပ်ကြပ်ကြီး
ဦးစီးမှူး(၂)၊မှုခင်းကျဆင်းရေး
(ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဖိုးရာဇာလမ်း၊ တိုက် ၂၊ အခန်း ၂၀၊ ကီလီရဲရိပ်သာနေ (ဦးထွန်းမောင်–ဒေါ်ကြည်အောင်)တို့၏သား၊ ဒေါ်မြင့်စိန်၏ ခင်ပွန်း၊ မအေးအေးယု (သာသနာရေးဦးစီးဌာန)၊ ကိုကျော်စွာ–မမိမိတို့၏ ဖခင်သည် ၃–၈–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကြည် (မြောင်းမြ)
အသက်(၈၂)နှစ်

(ဦးမောင်ဥာဏ်–ဒေါ်မမကြီး)တို့၏သား၊ ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉ လမ်း၊ အမှတ် ၂၆/၂၈ နေ (ဒေါ်ကျင်ရီ)၏ခင်ပွန်း၊ ဦးမြသောင်း–ဒေါ်မြမြ၊ (ဦးတင်အောင်)–ဒေါ်တင်အေးတို့၏ အစ်ကိုကြီး၊ ဦးခင်မောင်ဦး(တရားရုံးချုပ်ရှေ့နေ)–ဒေါ်မြငြိမ်း(အထပြ၊ ငြိမ်း၊ အထက–၂၊ လသာ)၊ ဦးလှထွန်း(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)–ဒေါ်ညွှန့်ညွှန့်သန်း(ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၊ ဦးအောင်သန်း–ဒေါ်ညွှန့်ညွှန့်အေးတို့၏ မွေးသဖခင်၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး ဦးကြည်သည် ၃–၈–၂၀၀၄ရက် (အင်္ဂါနေ့) ည ၈ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်
အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် အသက်(၈၁)နှစ်သည် ၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန(ဝန်ကြီးရုံး)။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်
အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် အသက်(၈၁)နှစ်သည် ၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်
ပါမောက္ခ၊ ဌာနမှူး၊ သင်္ချာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
(မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဝင်)

၂၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သင်္ချာမိသားစု၊ ပခုက္ကူတက္ကသိုလ်။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်ရွှေ
(ရွှေနဂါးဆေးလိပ်ခုံ၊ ဘိုကလေးမြို့)
အသက်(၈၁)နှစ်

ဘိုကလေးမြို့၊ မြို့မ(၁)ရပ်ကွက်၊ ခေတ်သစ်ကျောင်းလမ်း၊ အိမ်အမှတ် ၃၇နေ (ဦးဘချစ်)၏ ဇနီး၊ ဦးကြည်ဝင်း–ဒေါ်တင်မြင့်၊ ဦးကျော် (ဒေါ်တင်ဝင်း)၊ ဦးခင်အေး–ဒေါ်ခင်သန်း၊ ဒေါ်စန်းကြည်၊ ဦးထွန်းရွှေ–ဒေါ်မိုးမိုး၊ ဦးမြမောင်–ဒေါ်အေးမြင့်ဌေးတို့၏ မိခင်၊မြေး ၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃ နာရီတွင်မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကွန်ခွေး (မုဒုံ)
(အမှတ်–၂၊ သစ်စက်၊ ငြိမ်း)
အသက်(၈၅)နှစ်

မုဒုံမြို့နေ(ဦးချစ်–ဒေါ်ချစ်မြ)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ် ၁၀၀၂၊ ယသဝတီ ၁၄ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်မာသွင်၏ခင်ပွန်း၊ ဒေါ်ခင်ထားရီ(M.F.T.B)၊ ဦးထွန်းငွေ–ဒေါ်ခင်ထားကြည်၊ ဒေါ်မြင့်မြင့်သန်း (M.F.T.B)၊ ဦးသန်းလွင် (လ/ထ မန်နေဂျာ၊ အမှတ်–၃၃၊ သစ်စက်)–ဒေါ်မော်နီထွေး၊ ဦးမျိုးဝင်း–ဒေါ်အေးအေးခိုင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂–၈–၂၀၀၄ ရက်(တနင်္လာနေ့)ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တန်စောဝါ(ခ)ဒေါ်စောဝါ
(အင်းစိန်)
အသက်(၇၃)နှစ်

အင်းစိန်မြို့နယ်၊ပေါက်တောရပ်ကွက်၊ မာလာနွယ် ၁ လမ်း၊ အမှတ် ၂၆၂ နေ [ဦးရွှေချုပ်(ခ)ဦးလှိုင်ဦး] – ဒေါ်စန်းနွဲ့၊ မရှုရီ၊ မရှုကျင်၊ မရှုကြွမ်(နေလ ကုန်မျိုးစုံဆိုင်နှင့် ပွင့်အထည်ဆိုင်၊ အင်းစိန်စျေး)တို့၏ မိခင်၊ မကေသွယ်ခိုင်၊ မမေခိုင်မွန် (ဒသမတန်း–A၊ အထက–၂၊ ဒဂုံ)၊ မောင်ပြည့်ဖြိုးစံ (ပဥ္စမတန်း–D၊ အထက–၁၊ အင်းစိန်)တို့၏ အဘွား၊ [ဦးထွန်းဟန်(ခ)တိကုတ်ဟွာ]၏ ဇနီးသည် ၃–၈–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းနု
ဆရာမ(ငြိမ်း)
(အမက–၃၉၊အင်းစိန်)
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ ၅ လမ်း၊ အမှတ် ၅၉၀နေ(ဦးဝင်းဟန်)–ဒေါ်ရင်မြ၊ (ဦးစံလင်း)–ဒေါ်သန်းလှတို့၏ သမီးကြီး၊ ရွှေပြည်သာမြို့နေ ဦးလုံးရှိန်–ဒေါ်ခင်မေတို့၏ သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊သရက်ခြံ ၅ လမ်း၊ အမှတ် ၅၈၄ နေ ဦးဝင်းကို (ဦးစီးမှူး၊ ဆ/မ၊ ရန်ကုန်)၏ ဇနီး၊ကိုဇော်မင်းကို(AGTI, E/P King Wan Co., Ltd.)–မသန်းသန်းဝင်း (AGTI, E/P)၊ ကိုအောင်မြတ်ကို (B.Tech Civil / B.Sc, Bot.,)၊ မောင်အောင်ကိုကို (B.A, History)၊ ကိုမျိုးနိုင် (ရွှေပန်းထိမ်၊ အင်းစိန်ဈေးကြီး)၊ မဖြူဇင်ကို (B.A Myanmar)တို့၏ မိခင်၊မြေးနှစ်ယောက်တို့၏ အဘွား၊ ဦးလှအောင်၊ ဦးဘရီ–ဒေါ်စန်းစန်း(အထက–၃၊ပြည်)၊ ဦးဇော်အေး(R/O)–ဒေါ်ခင်ဆွေအိ၊ (ဦးလှမိုး)–ဒေါ်မြမြစိုး၊ဦးကြည်သိန်း–ဒေါ်ညွှန့်ညွှန့်သန်း(အလက–၅၊ မရမ်းကုန်း)၊ ဒုတိယဗိုလ်မှူးကြီးကြည်စိုး – ဒေါ်မြမာလာမြင့်၊ ကိုဇော်ဇော်လင်း–မခင်မြင့်ဦးတို့၏ အစ်မကြီး၊ တူ တူမ ၁၅ ယောက်တို့၏ ကြီးကြီးသည် ၂–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

သရက်အသင်း(ရန်ကုန်)
ဒေါ်နန္ဒာထွန်း
အသက်(၄၃)နှစ်

သရက်အသင်း(ရန်ကုန်)ရာသက်ပန်အသင်းဝင် ဂုဏ်ထူးဆောင် နာယက ဦးတင်ထွန်း (သံအမတ်ကြီး၊ ငြိမ်း)၏ သမီး၊ အသင်းဝင် ဒေါ်ခင်မာရီ၏ တူမ၊ အသင်းဝင် မသီတာထွန်း၏ အစ်မ သုဝဏ္ဏ၊ဇေယျာသီရိလမ်း၊ အမှတ် ၅၉ နေ ဒေါ်နန္ဒာထွန်းသည် ၃၁–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်၍အသင်းဝင်မိသားစုများသိသာရန်နှင့် လိုက်ပါပို့ဆောင်ကြပါရန်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးအမိုန်(ခ)ဟိုမိန်ချွန်
(ရွှေလိပ်ပြာဆေးလိပ်ရုံ၊ ရေကြည်မြို့)
အသက်(၉၉)နှစ်

ရေကြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ ၁ လမ်း၊ အမှတ် ၄၂ နေ [ဒေါ်ဟော်(ခ) ဇိုးကင်ဟော်]၏ခင်ပွန်း၊ [ဦးမောင်ကြည်(ခ)ဦးဖောင်]–ဒေါ်လှိုင်ရှင် (ရွှေလိပ်ပြာဆေးလိပ်ရုံ၊ရေကြည်မြို့)၊ ဒေါ်ခင်ရီ–ဦးကောင်း၊ အမှတ် ၂၁၀ (မြေညီထပ်–ဝဲ)၊ ၃၇လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမောင်မောင်ဝင်း–ဒေါ်ခင်စန်းအေး၊ ဒေါ်အေးအေးမူ–ဦးစင်ကျင်၊ ဒေါ်ကြူကြူ(ရေကြည်မြို့)၊ ဒေါ်သန်းသန်း–ဦးလှမြင့်၊ ဒေါ်သန်းသန်းထွေး–ဦးမြင့်အောင်တို့၏ ဖခင်၊ မြေး ၂၂ယောက်တို့၏ အဘိုး၊မြစ်လေးယောက်တို့၏ အဘေးသည် ၂–၈–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၉း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးကောင်းတုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အမှတ် ၂၁၀၊ ၃၇ လမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရှမ်းမ
(ဟင်္သာတ၊ နတ်မော်)
အသက်(၈၆)နှစ်

ဟင်္သာတမြို့နယ်၊ နတ်မော်ရွာနေ (ဦးအစ်–ဒေါ်စောမ)တို့၏သမီး၊ (ဦးတင်မောင်)၏ ဇနီး၊ (ဦးသန်းငွေ–ဒေါ်ကြည်ကြည်)၊ ဦးကျော်ရွှေ–ဒေါ်ဝင်းဝင်းခိုင်တို့၏ မိခင်၊ ဦးဝင်းသန့်–ဒေါ်သန်းသန်းစိုး၊ ဦးရဲထွဋ်–ဒေါ်နွယ်နီဝင့်၊ ဦးသူရ–ဒေါ်ဝါဝါတင်၊ ဦးသန်းထွဋ်–ဒေါ်ဝင်းဝင်းခိုင်၊ ဦးကြည်ဝင်း–ဒေါ်ခင်ဆွေသက်၊ မောင်ခိုင်လင်း – မဇာကြည်စိမ့်စိမ့်သူတို့၏ အဘွား၊ မြစ် ၁၀ ယောက်တို့၏ ဘွားဘွားကြီးသည် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊သံသုမာလမ်း၊အမှတ် ၆၉/၂ နေအိမ်၌ ၂–၈–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြင့် (အဖျော်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးဘတင်–ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးတင်အေး–ဒေါ်လှမြင့်)၊ (ဦးအောင်ကြည်–ဒေါ်သိန်းရင်)တို့၏ ညီမ၊ (ဦးမောင်မောင်အုန်း)–ဒေါ်ဌေးမြင့်၊ (ဦးမြသောင်း–ဒေါ်ခင်တင့်)၊ ဦးချင်းဗိုလ်–ဒေါ်ပီကြူးတို့၏ အစ်မ၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၁၂)ရပ်ကွက်၊ အမှတ် ၅၈၂၊ ပေါ်ဦး ၆ လမ်းနေ [ဦးမင်းအုန်း(ခ)ဦးမောင်မာ၊ ကုန်သွယ်/လယ်ယာရုံးချုပ်၊ ငြိမ်း]၏ ဇနီး၊ မောင်နိုင်ထွန်းဝင်း – မဥမ္မာစိန်တို့၏ မိခင်၊ မပြည့်ပြည့်၏ အဘွားသည် ၂–၈–၂၀၀၄ ရက် (တနင်္လာနေ့) ည ၇း၄၀ နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၃၆ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(သဃ်္ဃန်းကျွန်းနေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
ဒေါ်လှတင်(ခ)ဒေါ်ခွေးမ
ထိန်လင်းပွဲရုံ(ဘုရင့်နောင်)
အသက်(၆၇)နှစ်

မြိတ်မြို့နေ (ဦးဆင်မား–ဒေါ်မြသင်)တို့၏သမီး၊ (ဦးဂွမ်ယုံ–ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၄၅၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးတင်မောင်(ခ)ဦးကြုံဘီး]၏ ဇနီး၊ မြိတ်မြို့နေ(ဦးဟိုလှိုင်–ဒေါ်ခင်လေး)၊ ရန်ကုန်မြို့နေ (ဦးဟိုစိန်)–ဒေါ်အေးစိန်၊ (ဦးရှင်ဘီး–ဒေါ်အင်ရှူ)၊ [ဒေါ်မကြီး(ခ)အိအိ]တို့၏ ညီမသည် ၂–၈–၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁း၅၀ နာရီတွင် ရန်ကုန်အထွေထွေ ဆေးရုံသစ်ကြီးတွင် ကွယ်လွန်ပါသဖြင့် ၆–၈–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဇောတိက (ကောလင်း)
သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဓမ္မပါလလမ်း၊ စစ်ကိုင်းကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော ဦးဇောတိကသည် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက် (၃–၈–၂၀၀၄ရက်) အင်္ဂါနေ့ နံနက် ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် (၇–၈–၂၀၀၄ရက်) စနေနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း။ (စစ်ကိုင်းကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

စစ်ကိုင်းကျောင်းဆရာတော်နှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ဒေါ်ခင်မြင့် (အဖျော်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးဘတင်–ဒေါ်စိန်တင်)တို့၏သမီး၊ [ဦးမင်းအုန်း(ခ)ဦးမောင်မာ]၏ ဇနီး၊ ကိုမိုက်ကယ်(ဗဟိုကြေးနန်းရုံး)–မစုစုဝေ(ဆသရ၊မှော်ဘီ)၊ မသင်းသင်းအေး(ဆသရ၊ ငွေစာရင်း)၊ မရှယ်လီတင်အေး၊မခိုင်ခိုင်အေး(အာမခံ)၊ ကိုတင်အေး–မလွင်လွင်အေး (ပြည်ပ၊ ဆသရ)၊ မယုယုအေး(ဆသရ၊ စာရွေး/စာပို့)၊ (နေအောင်ကို)၊ ကိုတင်ထွန်း (ကြေးနန်းရုံး၊ ပုသိမ်)–မမေအောင်ကို၊ မောင်ဝေအောင်ကို(တပ်မတော်–ရေ)–မခင်ခင်ထွေး၊ မောင်မျိုးလွင်–မမေမျိုးသန့်၊ မောင်ခင်မောင်စိုးကို၊ မောင်သန်းထွဋ်အောင်ကို၊ မောင်တင်နိုင်အောင်၊ မခင်ခင်ဝေ၊ မောင်စိုးရ၊ မောင်နန်းအောင် (မြို့တော်စည်ပင်)တို့၏ အဒေါ်သည် ၂–၈–၂၀၀၄ရက် ည ၇း၄၀ နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၃၆ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄–၈–၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူတူ၊တူမများ။

ဒေါ်မြသိန်း
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၉)ရပ်ကွက်၊ လှိုင်မြင့်မိုရ် ၁ လမ်း၊ တိုက်အမှတ် ၂၈ (အေ)၊ အခန်း ၁(မြေညီထပ်)နေ ဦးဘစီ–ဒေါ်သိန်းရွှေတို့၏သမီး၊ (ဦးသောင်း–ဒေါ်လှမြင့်)၊ (ဦးတီ–ဒေါ်ကြည်)တို့၏ ညီမ၊ (ဦးရီစင်)၏ဇနီး၊ ဦးသန်းဌေး–ဒေါ်သိန်းသိန်းအေး၊ (ဦးအောင်မိုးဟိန်း)–ဒေါ်နုနု၊ ဦးသန်းအေး–ဒေါ်စန္ဒာဖြူ၊ ဦးအောင်မြင့်–ဒေါ်တင်အေးဝင်း၊ ဦးစိန်ဝင်း–ဒေါ်ရီရီတို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃–၈–၂၀၀၄ရက် နံနက် ၆း၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၈–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်တီ(ခ)လူပိုးကြူး
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄ လမ်း၊ အမှတ် ၁၁၅ (ပထပ်)နေ ဦးမောင်ဝိ၏ဇနီး၊ မသန်းသန်းအေး–ကိုတိုးမြင့်၊ ကိုတင်မြင့်–မမြင့်မြင့်စိန်၊ ကိုမောင်ကြီး–မခိုင်ခိုင်ဝင်း၊ ကိုမောင်ငယ်–မခိုင်ခိုင်ဝင်းတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃–၈–၂၀၀၄ရက် နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်ပါ၍ ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုသန့်ဇင်ညွှန့်
အထက(၁)၊တာမွေကျောင်းသားဟောင်း
အသက်(၃၂)နှစ်

တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း ၁၄၀၊ အမှတ် ၄၁နေ(SINGER ဦးအောင်သိန်း–ဒေါ်မြရင်)တို့၏ မြေး၊ ဦးအေးသိန်း(ARTHUR)–ဒေါ်အေးအေးသန်းတို့၏သား၊ရွှေပြည်သာမြို့နယ်နေ ဦးမြင့်ထွေး–ဒေါ်လှထွေးတို့၏ သားသမက်၊ (ဦးညွှန့်လွင်–ဒေါ်လှလှမူ)၊ ဒေါ်နီနီသိန်း၊ ဦးမြင့်သိန်း၊ ဒေါ်သူဇာသိန်း၊ ဦးကိုကိုအောင်–ဒေါ်နုနုသိန်းတို့၏ တူ၊ မခင်လဲ့မွန်၏ ခင်ပွန်း၊ မင်းခန့်သန့်ဇင် (အာအု)၏ ဖခင်သည် ၂–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် ရွှေပြည်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ
ဒေါ်လှတင်(ခ)ဒေါ်ခွေးမ
ထိန်လင်းပွဲရုံ(ဘုရင့်နောင်)
အသက်(၆၇)နှစ်

မြိတ်မြို့နေ (ဦးဆင်မား–ဒေါ်မြသင်)တို့၏သမီး၊ (ဦးဂွမ်ယုံ–ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၄၅၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးတင်မောင်(ခ)ဦးကြုံဘီး]၏ ဇနီး၊ မနှင်းယု၊ မစန်းစန်းသွယ်၊ မောင်သန်းနိုင်စိုး၊ မောင်ကျော်ကျော်လွင်၊ မောင်ညီညီထွေး–မစုစုလင်း၊ မောင်မင်းလွင်တို့၏ မိခင်၊ မောင်ဘုန်းစစ်မင်း(IV-A၊ ထ–၁၊ ဒဂုံ)၊ မောင်တင်အောင်ခန့်(KGE၊ ထ–၁၊ ဒဂုံ)တို့၏ အဘွားသည် ၂–၈–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကိုကိုမောင်(တွင်ခုံဆရာ)
(မန္တလေး)
အသက်(၅၀)

ရန်ကုန်မြို့နေ (ဦးသုခ–ဒေါ်အေးကြည်)တို့၏ သား၊ ဒေါ်ကြည်ကြည်ဝေ၊ ဦးကိုကိုကြီး – ဒေါ်ရီရီဆွေတို့၏ ညီ/မောင်၊ ရေဝတီတိုင်း၊ကျုံမငေးမြို့နယ်၊ အလယ်ကွင်းရွာနေ ဦးကျော်သိန်း–ဒေါ်သိန်းတင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ၃ လမ်း၊ အမှတ် ၂၆ နေ ဒေါ်တင်တင်မြိုင်၏ ခင်ပွန်း၊ မောင်အောင်ကျော်စိုး၊ မောင်သက်နိုင်စိုး(အလက–၁၊ တာမွေ)တို့၏ ဖခင်သည် ၃–၈–၂၀၀၄ ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၈–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်)။

ကျန်ရစ်သူမိသားစု။

ဒေါ်နန္ဒာထွန်း (သရက်မြို့)
ဆက်သွယ်ရေးအရာရှိ(IFRC)
အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီဖက်ဒရေးရှင်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ဇေယျာသီရိလမ်း၊ အမှတ် ၅၉ နေ ဦးတင်ထွန်း (အငြိမ်းစားသံအမတ်ကြီး)–(ဒေါ်မြကျင်)တို့၏ သမီး၊ ဒေါ်ခင်မာရီ၏ တူမ၊ ဦးသန့်စင် (MD ,Sincere Smile Travel Tour Co., Ltd.)၏ ဇနီး၊ ဦးသိန်းဝင်းထွန်း–ဒေါ်စန္ဒာထွန်းတို့၏ ညီမ၊ ဦးအာမင်–ဒေါ်သန္တာထွန်း၊ ဦးကျော်စိုးသိန်း – ဒေါ်သီတာထွန်းတို့၏ အစ်မ၊ တူ တူမ ရှစ်ယောက်တို့၏ ကြီးကြီးမေသည် ၃၁–၇–၂၀၀၄ရက် (စနေနေ့) မြန်မာစံတော်ချိန် ၁၁း၅၅ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၄–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (အမှတ် ၅၉၊ ဇေယျာသီရိလမ်း၊ သုဝဏ္ဏမြို့နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးရေးအခြေအနေများကြည့်ရှုစစ်ဆေး ဗိုလ်မြတ်ထွန်းတံတားကြီး အစဉ်ကြံ့ခိုင်ရေး မျက်ခြည်မပြတ်စစ်ဆေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုး မွေးမြူရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်စီမံ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြပြီး ပန်းတိုင်ကျေးရွာ သို့ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောအောင်လွင်က ဧရာဝတီမြစ်၏ ရေလမ်းကြောင်းစီးဆင်းမှုနှင့် တိုင်းတာမှု၊ ရေယာဉ်များ ရေကြောင်းမှန်ကန်စွာ သွားလာရေးအတွက် ကြပ်မတ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်း၍ ဗိုလ်မြတ်ထွန်းတံတားတိုင်များအား ဝင်ရောက်တိုက်ခိုက်မှု မဖြစ်စေရေးအတွက် ညောင်တုန်းမြို့နယ် တစ်ဖက်ကမ်း

စာမျက်နှာ ၉ ကော်လံ ၁ ✻

ပုသိမ်တံတား တည်ဆောက်ရေး ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ ဩဂုတ် ၂ ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးပြတ်တောင်းရွာမည် တစ်ခါတစ်ရံသည်းထန်နိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ–အိန္ဒိယချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ ပထမပွဲစဉ် ပဏာမမြန်မာ့လက်ရွေးစင်က အိန္ဒိယကလပ်အသင်းကိုဂိုးပြတ်နိုင်

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် ဩဂုတ် ၃

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်ဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက လှုင်ယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ကျင်းပရာ ပဏာမမြန်မာ့လက်ရွေးစင်အသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

ဘောလုံးဝါသနာရှင်များ အပြန်ခရီးစဉ်အဆင်ပြေချောမွေ့စေရေး ချစ်ကြည်ရေးခြေစမ်းပွဲအပြီး မော်တော်ယာဉ်များစီစဉ်ထားမည်

ရန်ကုန် ဩဂုတ် ၃

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲအဖြစ် ယနေ့ညနေ ၄နာရီတွင် လှုင်ယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဏာမမြန်မာ့လက်ရွေးစင်အသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြေးဆွဲပေးခဲ့

ယနေ့ပွဲစဉ်အပြီးတွင် ဘောလုံးဝါသနာရှင်ပရိသတ်များ အပြန်ခရီးစဉ် အဆင်ပြေချောမွေ့စေရေးအတွက် ဝေဇယန္တာလမ်းဂိတ်မှ သာကေတ၊ ပုဇွန်တောင်၊ ဆူးလေ၊ ကြည့်မြင်တိုင်သို့လေးစီး၊ ဝေဇယန္တာလမ်းဂိတ်မှ တောင်ဥက္ကလာပနှင့် မြောက်ဥက္ကလာပသို့ငါးစီး၊ လေးထောင့်ကန်ပွဲ့န်ပေါက်ဂိတ်မှ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ငါးစီး၊ လေးထောင့်ကန်ပွဲ့န်ပေါက်ဂိတ်မှ တာမွေ၊ မြေနီကုန်း၊ အင်းစိန်သို့ သုံးစီး၊ လေးထောင့်ကန်ပွဲ့န်ပေါက်ဂိတ်မှ သိမ်ဖြူ၊ ဆူးလေ၊ မော်တင်သို့ သုံးစီး စုစုပေါင်း မော်တော်ယာဉ်အစီးရေ ၂၀ ပြေးဆွဲပေးခဲ့သည်။

စီစဉ်ပေးသွားမည်

ဩဂုတ် ၅ ရက် ညနေ ၄နာရီတွင် အဖွဲ့ချုပ်လှုင်ယ်ညွှန့်ပေါင်းအသင်းနှင့် အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်အသင်းတို့သည်လည်းကောင်း၊ ဩဂုတ် ၇ ရက် ညနေ ၄နာရီတွင် ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်အသင်းတို့သည်လည်းကောင်း လှုင်ယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးဝါသနာရှင်ပရိသတ်များ အပြန်ခရီး၌ အဆင်ပြေချောမွေ့စေရေးအတွက် ကားစီးရေလုံလောက်စွာ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား

မော်တော်ဆိုင်ကယ်စတန့်သမား

ဇူလိုင် ၃၁ ရက်က မော်တော်ဆိုင်ကယ်စတန့်သမား ရော်ဘီနီဗဲလ်သည် နယူးယောက်မြို့ရှိ ပင်လယ်ပြင်၊ ဝေဟင်နှင့် အာကာသပြတိုက်ဖြစ်သည့် ယူအက်စ်အက်စ်အင်တာပစ်သင်္ဘောကြီး၏ လေယာဉ်ပြေးလမ်းပေါ်တွင်ရှိသော လေယာဉ်ခုနစ်စင်းပေါ်မှ ကျော်လွှားပြီး ဤသို့ မော်တော်ဆိုင်ကယ်အား စွန့်စားစွာ စီးပြခဲ့သည်။ **(အပေါ်ပုံ)**

(ဓာတ်ပုံ–အင်တာနက်)

နေနှင့်အနီးဆုံး ဗုဒ္ဓဟူးဂြိုဟ်

နေနှင့်အနီးဆုံး ဗုဒ္ဓဟူးဂြိုဟ် (မာကျူရီ) အား မရီနာ ၁၀ အာကာသယာဉ် လှည့်ပတ်ပုံကို ၁၉၇၄ ခုနှစ် စက်တင်ဘာလ၌ နာဆာက ထုတ်ပြန်ပေးခဲ့သည်။ **(အောက်ပုံ)** နာဆာသည် နေနှင့်အနီးဆုံး အဆိုပါ ဗုဒ္ဓဟူးဂြိုဟ်သို့ အာကာသယာဉ်အသစ်ကို လွှတ်တင်ရန်စီစဉ်ထားသည်။ **(ဓာတ်ပုံ–အင်တာနက်)**





ကမ္ဘာ့အသေးဆုံးရေငုပ်သင်္ဘော

(ဝဲပုံ) မှာ ဩစတြေးလျအမျိုးသားတက္ကသိုလ်က ထုတ်ပြန်ပေးသော ဆီရာဖီနာဟု အမည်ပေးထားသည့် ကိုယ်တိုင်ထိန်းကျောင်း မောင်းနှင်နိုင်သော ကမ္ဘာ့အသေးဆုံး ရေငုပ်သင်္ဘောဖြစ်သည်။

(ဓာတ်ပုံ–အင်တာနက်)